Uncensored Burma - Daily News ( 2011 June 13)

သတင်းတွေ ဖတ်ချင်ရင် Kowin2001@gmail.com ကို ဆက်သွယ်ပါ

မိုးမခ MoeMaKa.com အဖွဲ့က ကော်ပီကူးပြီး ဖြန့် ပါတယ်

## မြန်မာကို ဦးတည်သည့် မြောက်ကိုရီးယားသင်္ဘော တားမြစ်ခံရ

လင်းသန့် Mond*y, 13 June 2011 18:58 ဧရာဝတီ

မြန်မာနိုင်ငံသို့ ဒုံးကျည်လက်နက်နှင့် ဆက်စပ်ပစ္စည်းများ သယ်ဆောင်လာသည်ဟု ယူဆရသော မြောက်ကိုရီးယား ကုန်တင်သင်္ဘော တစီးသည် အမေရိကန် ရေတပ်က တားမြစ်သောကြောင့် မိခင်နိုင်ငံသို့ လွန်ခဲ့သည့် ၂ ပတ်ခန့်က လှည့်ပြန် သွားခဲ့ရကြောင်း သိရသည်။

၂၀၀၇ ခုနှစ်က ရန်ကုန်တွင် ဆိုက်ကပ်ထားသည့် မြောက်ကိုရီးယား K*ng N*m 1 သင်္ဘော (ဓာတ်ပုံ - *FP)

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တောင်ဘက် ပင်လယ်ပြင်တွင် M/V Light အမည်ရှိ မြောက်ကိုရီးယားသင်္ဘောကို တာဝေး မိုင် ၃၅၀ ခန့်အထိ ပစ်ခတ်နိုင်သည့် ဝေဟင်ပစ် ဒုံးကျည်များနှင့် ဆက်စပ်ပစ္စည်းများ၊ နည်းပညာများကို သယ်ဆောင်လာခဲ့ သည်ဟု သံသယရှိ၍ အမေရိကန် ရေတပ် ဖျက်သင်္ဘော McCompbell က တားမြစ်ခဲ့ခြင်းဖြစ်ကြောင်း New York Times ၏ ယမန်နေ့က သတင်းတပုဒ်တွင် ဖော်ပြထားသည်။

အဆိုပါအခင်းဖြစ်ပွားခဲ့သည့် နေ့သည် မေလ ၂၆ ဖြစ်ပြီး သမ္မတဦးသိန်းစိန်၏ တရုတ်နိုင်ငံခရီးစဉ်အတွင်း တရုတ်နိုင်ငံ ခေါင်းဆောင်များနှင့်တွေ့ဆုံခဲ့ပြီးနောက် မဟာဗျူဟာမြောက်မိတ်ဘက်နိုင်ငံများအဖြစ် ကြေညာခဲ့ချိန်နှင့်လည်း တိုက်ဆိုင် ခဲ့သည်။ ထို့နေ့မတိုင်ခင်တရက်ကလည်း မြောက်ကိုးရီးယားခေါင်းဆောင် ကင်ဂျုံအီးလ် သည်တရုတ် သမ္မတ ဟူကျင်း တောင် နှင့် ဘေဂျင်းတွင် တွေ့ဆုံခဲ့သေးသည်။

သံသယဖြစ်ဖွယ် သင်္ဘောသည် ဗဟိုအမေရိကတိုက် နိုင်ငံတခုဖြစ်သည့် ဘလစ်ဇ် (Belize) နိုင်ငံ အလံလွှင့်ထူထား သည့်အတွက် တက်ရောက်စစ်ဆေးရန် ခွင့်ပြုချက်ကို အမေရိကန်ရေတပ်က သက်ဆိုင်ရာ နိုင်ငံသို့ တောင်းခံခဲ့သည်။

ဘီလစ်ဇ် နိုင်ငံက ခွင့်ပြုခဲ့ပြီးနောက် အမေရိကန် ရေတပ်ဖျက်သင်္ဘောက အဆိုပါသင်္ဘောပေါ်သို့ တက်ရောက် စစ်ဆေးရန် ၄ ကြိမ်တိုင် ကြိုးစားခဲ့သော်လည်း ၎င်းကုန်တင်သင်္ဘောပေါ်ရှိ မြောက်ကိုရီးယားသင်္ဘောသားများက ခွင့်မပြုခဲ့ပေ။

ထို့နောက် အဆိုပါသင်္ဘောသည် ရှေ့ဆက်မသွားတော့ဘဲ ပင်လယ်ပြင်ထဲတွင် ရပ်တန့်နေခဲ့သည်။ ၎င်းနောက် ရက်အနည်းငယ်အကြာ အမေရိကန် ဂြိုဟ်တုများ၊ ထောက်လှမ်းရေး လေယာဉ်များ၏ စောင့်ကြည့်မှုအောက်တွင် မိခင် ဆိပ်ကမ်း သို့ ပြန်လည်ဆိုက်ရောက်သွားခဲ့သည်ဟု ဆိုသည်။

ယခုဖြစ်ရပ်သည် မြန်မာနိုင်ငံတွင် အရပ်သားအစိုးရတက်ပြီးနောက် နျူကလီးယား စစ်လက်နက် ပစ္စည်းနှင့် ပတ်သက်ပြီး ပထမဆုံး သံသယဖြစ်စေခဲ့မှုလည်း ဖြစ်သည်။

ယင်း ကိစ္စနှင့် ပတ်သက်ပြီး အမေရိကန် အပါအဝင် မြန်မာနိုင်ငံကလည်းကောင်း၊ မြောက်ကိုရီးယားနိုင်ငံမှ လည်း ကောင်း၊ သက်ဆိုင်ရာ နှစ်နိုင်ငံနှင့် အဓိကမဟာမိတ်ဖြစ်သော တရုတ်နိုင်ငံကလည်းကောင်း သတင်းထုတ်ပြန်ခြင်း မရှိသေးပေ။

အမေရိကန်ရေတပ်အနေဖြင့် သံသယဖြစ်ဖွယ် မြောက်ကိုရီးယားသင်္ဘောပေါ်သို့ အင်အားသုံး၍ တက်ရောက်ရှာဖွေမှု မရှိခဲ့ခြင်းမှာ ကိုရီးယားကျွန်းဆွယ်တည်ငြိမ်ရေးကို ရှေးရှု၍ဖြစ်ကြောင်း အမေရိကန်အရာရှိတဦးကို ကိုးကားပြီး New York Times တွင် ဖော်ပြထားသည်။

မေလ ၂၇ ရက်နေ့တွင် အာဆီယံကိုယ်စားလှယ်များသည် ဝါရှင်တန် ဒီစီသို့ရောက်နေပြီး အမေရိကန် သမ္မတ အိုဘားမား၏ ထိပ်တန်း နျူကလီးယားဆိုင်ရာအကြံပေးအရာရှိကလည်း ယင်းမြောက်ကိုရီးယား သင်္ဘောပြဿနာကြောင့် ဗီယက်နမ်၊ ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှားနိုင်ငံများမှ ကိုယ်စားလှယ်များကို နျူကလီးယား လက်နက်ဆိုင်ရာ မပြန့်ပွားရေး အလေးထားလုပ်ဆောင်ရန် တိုက်တွန်းခဲ့သည်။

ထို့အပြင် ဆွေးနွေးပွဲတွင် အမေရိကန်အရာရှိက မြန်မာနိုင်ငံသို့ ဦးတည်နေသည့် သံသယဖြစ်ဖွယ် မြောက်ကိုရီးယား သင်္ဘော၏ ဓာတ်ပုံထုတ်ပြကာ မြန်မာအပါအဝင် အာဆီယံကိုယ်စားလှယ်များကို ကုလသမဂ္ဂဆုံးဖြတ်ချက်အမှတ် ၁၈၇၄ ကိုလေးစားလိုက်နာရန် သတိပေးပြောကြား ခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် မြန်မာကိုယ်စားလှယ်လည်း ပါဝင်ပြီး မြန်မာနိုင်ငံသည် မြောက်ကိုရီးယားမှ ဒုံးကျည်နှင့် ဒုံးကျည်ဆိုင်ရာ အစိတ်အပိုင်းများကို ဝယ်ယူနေသည်ဟူသည့် အမေရိကန်၏ စွပ်စွဲချက်များကို ငြင်းဆိုကာကွယ်ပြောကြားသွားကြောင်း အမေရိကန်အရာရှိကို ကိုးကားပြီး New York Times က ရေးသားသည်။

နျူကလီးယားစမ်းသပ်မှုလုပ်ခဲ့သည့် မြောက်ကိုရီးယား နိုင်ငံ၏ မသင်္ကာဖွယ်ရှိသော ယာဉ်၊ သင်္ဘောများကို အချိန်မရွေးစစ်ဆေးပိုင်ခွင့်ရှိသည်ဟူသည့် ဆုံးဖြတ်ချက်အမှတ် ၁၈၇၄ ကို ၂၀၀၉ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ချမှတ်ခဲ့သည်။

၄င်းဆုံးဖြတ်ချက်အရ အမေရိကန်ရေတပ် က ယခုကဲ့သို့ စစ်ဆေးရန်ကြိုးစားခဲ့ခြင်းလည်း ဖြစ်သည်။

မြောက်ကိုရီးယား၏ တာဝေးပစ် ဒုံးကျည်လက်နက်ဆိုင်ရာ နည်းပညာနှင့် နျူကလီးယား ဆက်စပ်ပစ္စည်းများကို မြန်မာနိုင်ငံ က ဝယ်ယူရန်ကြိုးစားခဲ့သည့် သံသယများ ယခင်ကလည်းဖြစ်ခဲ့ဖူးသည်။

၂၀၀၉ ခုနှစ်က မြန်မာရေပိုင်နက်ကိုဦးတည်လာခဲ့သော မြောက်ကိုရီးယားသင်္ဘော K*ng N*m (1) သည် အမေရိကန်ရေတပ်က နောက်ယောင်ခံ ဖိအားပေးခဲ့ပြီးနောက် မိခင်နိုင်ငံဘက်သို့ ပြန်လည်လှည့်ပြန် သွားခဲ့ဖူးသည်။

၂၀၀၇ ခုနှစ် ဧပြီလတွင်လည်း မြန်မာနှင့်မြောက်ကိုရီးယားနိုင်ငံတို့ ၂ နိုင်ငံဆက်ဆံရေး ပြန်လည်ထူထောင်ပြီး လပိုင်းအကြာ တွင် မြောက်ကိုရီးယားသင်္ဘောတစီးသည် မြန်မာနိုင်ငံ သီလဝါ နိုင်ငံတကာ သင်္ဘောဆိပ်ကမ်းသို့ ဆိုက်ရောက်လာ ခဲ့ဖူးသည်။

မြန်မာနိုင်ငံနှင့် မြောက်ကိုရီးယားနှစ်နိုင်ငံဆက်ဆံရေးကို အမေရိကန်ကလည်း အနီးကပ်စောင့်ကြည့်နေခဲ့ရာ အထူး သဖြင့် တရားမဝင်လက်နက်နှင့် နည်းပညာ ဖလှယ်သည့်ကိစ္စအပေါ် အထူးအာရုံစိုက်လျက်ရှိသည်။

မကြာသေးခင်က မြန်မာနိုင်ငံသို့လာရောက်ခဲ့သော အမေရိကန်နိုင်ငံ၏ အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်း ကလည်း မြန်မာအစိုးရ ထိပ်တန်းခေါင်းဆောင်များနှင့်တွေ့ဆုံစဉ် မြန်မာနှင့်မြောက်ကိုရီးယားတို့၏ ကန့်သတ်လက်နက်ဆိုင်ရာ သိုသိပ်သောဆက်ဆံရေးကိစ္စများကို ပြောကြားခဲ့ပြီး အမေရိကန်၏ စိုးရိမ်မှုကို ပြသခဲ့သည်။

ထို့အပြင် ဂျွန်မက်ကိန်းက မြန်မာအစိုးရ အနေနှင့်လည်း ကုလသမဂ္ဂ က ချမှတ်ထားသော ဆုံးဖြတ်ချက်အမှတ် ၁၈၇၄ ကိုလေးစား လိုက်နာရန်လည်း သတိပေးပြောကြားခဲ့သည်။

မြန်မာအစိုးရဘက်ကလည်း နျူကလီးယားဆိုင်ရာစွပ်စွဲချက်များ မဟုတ်မှန်ကြောင်း ဂျွန်မက်ကိန်းကိုတုံ့ပြန်ပြောဆို ခဲ့သည်။

## အထူးအစီအစဉ်ဖြင့် အလုပ်သမား မှတ်ပုံတင်လုပ်ရန် ဖိအားပေး

ဧရာဝတီ Mond*y, 13 June 2011 18:50

အထူးလျှော့ပေါ့ရေး အစီအစဉ်အရ ထိုင်း-မြန်မာ နယ်စပ် တာ့ခ်ခရိုင် အတွင်းတွင် မြန်မာ ရွှေ့ပြောင်းအလုပ်သမားများ တနစ်တာ အလုပ်လုပ် နေထိုင်ခွင့်ကို ယခု ဇွန်လ ၁၅ ရက်မှ နောက် ဇူလိုင်လ ၁၄ ရက်နေ့အတွင်း မှတ်ပုံတင်ရန် ထိုင်းအစိုးရက နှိုးဆော်ဖိအားပေးလျက်ရှိပြီး သတ်မှတ်ရက် ကျော်သွားပါက ထိရောက်စွာ အရေးယူမည်ဟု သိရသည်။

မဲဆောက် အပါအဝင် တာ့ခ်ခရိုင်အတွင်း တရားမဝင် ရွှေ့ပြောင်း အလုပ်သမားများကို အသုံးပြုနေသည့် အလုပ်ရှင်များသည် အလုပ်သမားများနှင့် အတူ သက်ဆိုင်ရာ အလုပ်သမားရုံးများတွင် သတ်မှတ်ရက်အတွင်း သွားရောက်မှတ်ပုံတင်ရန်၊ မပြုလုပ်ပါက အလုပ်သမားနှင့် အလုပ်ရှင်များကိုပါ ဖမ်းဆီး အရေးယူမည်ဖြစ်ပြီး အလုပ်ရှင်များကို ဒဏ်ငွေ ဘတ် ၁ သောင်းမှ ၁ သိန်းအထိ ဒဏ်ရိုက်မည်ဖြစ်ကြောင်း ထိုင်းအလုပ်သမားဌာနက မော်တော်ယာဉ်ဖြင့် လိုက်လံ ကြေညာလျက်ရှိသည်။

မြန်မာရွှေ့ပြောင်း အလုပ်သမား ၄ သိန်းခန့်ရှိသည့် မဲဆောက်အပါအဝင် တာ့ခ်ခရိုင်တွင် အလုပ်သမားများ မှတ်ပုံတင်သည့် အရေအတွက်မှာ ၂ သောင်း ခန့်သာရှိသည်ဟု မဲဆောက် အလုပ်သမားရုံး၏ စာရင်းများအရ သိရသည်။

မဲဆောက်မှ မြန်မာ ရွှေ့ပြောင်းအလုပ်သမား ၆၀၀ ခန့်ရှိသည့် အထည်ချုပ်စက်ရုံမှ မန်နေဂျာတဦးက "အလုပ်ရှင်ကတော့ အလုပ်သမား မှတ်ပုံတင်မယ့်ကိစ္စကို ဘာမှမပြောဘူး။ ကျနော်တို့အလုပ်ရုံက အလုပ်သမားတွေ အရင်ကလည်း မှတ်ပုံမတင်ကြဘူး။ ဒီလိုပဲ လုပ်နေကြတာပဲ။ အလုပ်သမား လက်မှတ်လုပ်တာက တနစ်ကို ဘတ် ၃၀၀၀ လောက်ကုန်မယ်။ ဒီမှာက လုပ်အားခ တနေ့ကို ဘတ် ၆၀ (ကျပ် ၁၅၀၀)၊ ဘတ် ၇၀ (ကျပ် ၁၇၅၀) လောက်ပဲ ရကြတော့

လုပ်ချင်တဲ့လူက မရှိသလောက်ပဲ။ အလုပ်ရှင်ကတော့ သူ့စက်ရုံအတွက် အာဏာပိုင်တွေကို လစဉ်ကြေး ပုံမှန်ပေးတဲ့နည်းနဲ့ပဲ ဖြေရှင်းတယ်” ဟု ရှင်းပြသည်။

တာ့ခ်ခရိုင်အတွင်း ထိုင်းအလုပ်သမားဝန်ကြီးဌာနက သတ်မှတ်ပေးထားသည့် အနိမ့်ဆုံး တနေ့လုပ်အားခမှာ ၁၆၂ ဘတ် (၄၀၅၀ ကျပ်) ဖြစ်သော်လည်း မဲဆောက်ရှိ အထည်ချုပ်စက်ရုံ ၂၀၀ ခန့်တွင် အလုပ်လုပ်ကိုင်နေသည့် မြန်မာရွှေ့ပြောင်း အလုပ်သမား ၁ သိန်းခန့်၏ တနေ့တာ လုပ်အားခမှာ ဘတ် ၆၀ မှ ၁၀၀ အောက်တွင်သာ ရရှိကြသည့်အတွက် အလုပ်သမားလက်မှတ် လုပ်သည့်ကိစ္စကို အလုပ်သမားများ စိတ်ဝင်စားမှု နည်းပါးခြင်းဖြစ်သည်ဟု မြန်မာအလုပ်သမားအရေး ဆောင်ရွက်နေသည့် အဖွဲ့များက ပြောသည်။

တာ့ခ်ခရိုင်အတွင်း အလုပ်သမား မှတ်ပုံတင်သည့် လုပ်ငန်းစဉ်သည် ထိုင်းအစိုးရ၏ ထိရောက်သည့် ကိုင်တွယ်မှုမရှိပါက ယခင်ကဲ့သို့ပင် မအောင်မြင်နိုင်ဟု မဲဆောက်အခြေစိုက် မြန်မာအလုပ်သမားအရေး ဆောင်ရွက်နေသည့် မြန်မာပြည်သားများအရေး ပူးတွဲလှုပ်ရှားမှုကော်မတီ ဥက္ကဋ္ဌ ဦးမိုးကြိုးက ပြောသည်။

၎င်းက “ဒီကိစ္စ မူကောင်းတယ်၊ လူဖြစ်တဲ့ မြန်မာအလုပ်သမားတွေက လိုက်ပါနိုင်မှု အားနည်းတယ်။ မဲဆောက်ဒေသမှာ တရားဝင်သတ်မှတ်ထားတဲ့ လုပ်အားခ ၁၆၂ ဘတ်ကို မရကြဘူး။ ဒီကိစ္စ အောင်မြင်စေချင်ရင်တော့ အလုပ်ရှင်တွေက ကုန်ကျငွေကို အရင်စိုက်ပေးရမယ်။ ထိုင်းအစိုးရဘက်ကလည်း မှတ်ပုံတင်ခကို သိသိသာသာ လျှော့ပေးရမယ်။ အဲလိုမှ မဟုတ်ရင်တော့ အရင်ကလုပ်သလိုပဲ ဘာမှသိသာများပြားလာမှာ မဟုတ်ဘူး” ဟု ဧရာဝတီသို့ ပြောသည်။

မြန်မာ ရွှေ့ပြောင်းအလုပ်သမား အများစုက အလုပ်သမား မှတ်ပုံတင်အစား ထိုင်းနှင့် နှစ်နိုင်ငံ သဘောတူညီချက်အရ မြန်မာနိုင်ဘက်က ထုတ်ပေးသည့် ၂ နှစ်ဗီဇာ သက်တမ်းရှိ ယာယီ နိုင်ငံကူးလက်မှတ်ကိုသာ လျှောက်ထားရန် စိတ်ဝင်စားကြသည်ဟု အလုပ်သမားများက ပြောသည်။

ဘန်ကောက်မြို့အနီး ပထုံဌာနီရှိ ပလပ်စတစ်စက်ရုံမှ စောကူးက “ဘန်ကောက်မှာရှိတဲ့ လူတွေလည်း ဒီတနှစ်ခံ အလုပ်သမားလက်မှတ်ကို စိတ်ဝင်စားတဲ့လူ နည်းသွားပြီ။ ဘတ် ၃၀၀၀ လောက် ကုန်တဲ့အပြင် ဘယ်မှလည်း သွားလာခွင့်မရှိဘူး။ ဒါကြောင့် မြန်မာဘက်က ထုတ်ပေးတဲ့ ယာယီနိုင်ငံကူးလက်မှတ်ကိုပဲ လျှောက်ကြတယ်။ ၂ နှစ် သက်တမ်းဗီဇာအတွက် အပြီးအစီးမှ ဘတ် ၈၆၀၀ ပဲကျတယ်။ ထိုင်းတနိုင်ငံလုံး အချိန်မရွေး ခရီးသွားခွင့်ရှိတယ်။ အခုဆို အလုပ်သမားတွေ ကိစ္စကြီးငယ်ရှိရင် ဒီလက်မှတ်နဲ့ မြန်မာဘက် အချိန်မရွေး ပြန်လို့ရတယ်” ဟု ပြောသည်။

မဲဆောက်ရှိ အလုပ်သမားတချို့က မြန်မာဘက်မှ ထုတ်ပေးသည့် ယာယီနိုင်ငံကူးလက်မှတ်ကို လျှောက်ထားလိုသော်လည်း အလုပ်ရှင်အများစုက ခွင့်ပြုခြင်းမရှိဟု မဲဆောက်ရှိ ကုန်တိုက်တခုမှ မြန်မာ အရောင်းစာရေးမတဦးက ဆိုသည်။

မဲဆောက်မြို့နယ် အုပ်ချုပ်ရေးအဖွဲ့ဝင်တဦးက အလုပ်သမားများကို မှတ်ပုံတင်ပေးသည့် သတ်မှတ်ရက်ကုန်ဆုံးလျှင် မဲဆောက်ဒေသအတွင်း တရားမဝင် အလုပ်သမားများကို ဖမ်းဆီးမည့် အထူးစစ်ဆင်ရေးတရပ် ရှိသည်ဟု ပြောသည်။

ထိုင်းနိုင်ငံ၏ ၁၉၇၉ ခုနှစ် လူဝင်မှုကြီးကြပ်ရေး ဥပဒေအရ တရားမဝင် အလုပ်သမားတဦးကို စေခိုင်းသည့် အလုပ်ရှင်သည် ပြစ်ဒဏ်အနေဖြင့် ဒဏ်ငွေဘတ် ၁ သောင်းမှ ၁ သိန်း အထိ ပေးဆောင်ရမည်ဖြစ်သည်။

ထိုင်းနိုင်ငံတွင် မြန်မာ ရွှေ့ပြောင်းအလုပ်သမား ၂ သန်းခွဲမှ ၄ သန်းအထိရှိသည်ဟု မြန်မာ အလုပ်သမားအရေး ဆောင်ရွက်နေသူများက ခန့်မှန်းပြောဆိုသည်။

## လေပြင်းကြောင့် အိမ်ခြေ ၅၀ ခန့် ပျက်စီး

ကျော်ကျော် Mond*y, 13 June 2011 ဧရာဝတီ

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် အတွင်း ဇွန်လ ၁၀ နေ့ နံနက်က လေပြင်း တိုက်ခတ်ခဲ့သောကြောင့် လူနေအိမ်ပေါင်း ၅၀ ခန့် ပျက်စီးခဲ့ကြောင်း သတင်းရ ရှိသည်။

*လေပြင်းကြောင့် ပြိုကျသွားသည့် ကျောက်တန်းမြို့နယ် ဆင်ကန်ရပ်ကွက် ဖွဲ့နဆီစက်ဝန်းအတွင်းရှိ ကြက်မြီ တခြံ မြင်ကွင်း (ဓာတ်ပုံ - ဧရာဝတီ)*

"အဲဒီနေ့ မနက် ၈ နာရီလောက်က ဝင်တိုက်သွားတာပါ။ တိုက်တဲ့ အချိန်ကတော့ ခဏလေးပဲ ၁၀ မိနစ် ဝန်းကျင် လောက်ပဲ၊ ဒါပေမယ့် တော်တော်ပြင်းတယ်" ဟု ကျောက်တန်းမြို့နယ် ဆင်ကန်ရပ်ကွက်တွင် နေထိုင်သူ တဦးက ပြောသည်။

လေပြင်း တိုက်ခတ်ခဲ့ရာတွင် ကျောက်တန်းမြို့နယ်ရှိ ဆင်ကန်ရပ်ကွက်၊ စံချိန်မီရပ်ကွက်၊ ဖွဲ့နဆီစက်ဝန်း တို့ ပျက်စီးမှု များပြားကြောင်း၊ ကြက်မွေးမြူရေး ခြံတချို့ ပျက်စီးခဲ့သော်လည်း လူအသေအပျောက် မရှိကြောင်း သိရသည်။

"အိမ်တွေတော့ပျက်တယ်။ ကျနော့် ကြက်ခြံက ကြက်အကောင် ၁၀၀ လောက် သေသွားတယ်။ စုစုပေါင်း ကြက်ခြံ ၇ ခြံလောက် ပျက်တယ်" ဟု ကျောက်တန်းမြို့နယ် ကြက်ခြံပိုင်ရှင် တဦးက ပြောသည်။

လေပြင်းကြောင့် အိမ်ခြေအများအပြား ပျက်စီးသွားသည့် ရပ်ကွက်များအတွင်း နေထိုင်သူများမှာ လက်လုပ်လက်စား၊ အခြေခံ မိသားစုများ ဖြစ်သောကြောင့် နေအိမ်များ ပြန်လည် ပြုပြင်ရန် အခက်အခဲ ရှိနေကြောင်း ဆင်ကန်ရပ်ကွက် နေပြည်တော် ၁ လမ်းနေ အမျိုးသားတဦးက ရှင်းပြသည်။

"အခုတော့ ကိုယ့်အစီအစဉ်နဲ့ကိုယ် ပြင်နေရတာပေါ့။ သစ်ပင်တွေလဲနေတာ ကအစ ကိုယ့်ဘာသာ ခုတ်ရတယ်။ အိမ်ခေါင်မိုး သွပ်တွေ ဆိုရင်လည်း ၄၊ ၅ အိမ်လောက် စုပြီး ကားနဲ့ ရန်ကုန်ကို တက်ဝယ်ရတယ်။ အရင် နာဂစ်ဆိုင်ကလုန်း တိုက်တုန်း ကလည်း ဒီအတိုင်းပါပဲ။ ဆင်းရဲတဲ့သူတွေ များတော့ အစစအရာရာ ခက်ခဲတယ်" ဟု ၎င်းက ဆိုသည်။

FEC ဈေး ဒေါ်လာထက် ၁၀၀ ကျပ်ကျော်ကျ

Eရာဝတီ Mond*y, 13 June 2011 Eရာဝတီ

အမေရိကန်ဒေါ်လာနှင့် တန်ဖိုးတူညီသည်ဟု သတ်မှတ် ထုတ်ဝေထားသော FEC (foreign Exch*nge Certific*te) တယူနစ်လျှင် ဒေါ်လာထက် ကျပ် ၁၀၀ ကျော် နိမ့်ကျနေ သောကြောင့် FEC နှင့် ငွေလက်ခံရသော လုပ်ငန်းများ အခက်အခဲ ဖြစ်နေကြကြောင်း သတင်းရရှိသည်။

အမေရိကန်ဒေါ်လာ တန်ဖိုးသည် လွန်ခဲ့သည့် ရသတ္တ ၃ ပတ်ခန့်ကတည်းက တရိပ်ရိပ် ကျဆင်းနေပြီး ယနေ့ ဈေးနှုန်းမှာ ၁ ဒေါ်လာလျှင် ၇၄၅ ကျပ်သာရှိ၍ FEC တယူနစ်လျှင် ၆၄၀ ကျပ်သာ ရှိတော့သည်။

ထိုသို့ FEC ဈေးနှုန်းများ ကျဆင်းနေသောကြောင့် FEC ဖြင့် ပေးချေရသည့် ဟိုတယ်များ၊ လေကြောင်းလိုင်းများ၊ ခရီးသွား ကုမ္ပဏီအများစုက လုံးဝ လက်မခံတော့ကြောင်း ရန်ကုန်အခြေစိုက် စီးပွားရေးဈေးကွက်မှ စုံစမ်း သိရှိရသည်။

"အထူးသဖြင့်တော့ ခရီးသွားကုမ္ပဏီတွေ၊ လေကြောင်းလိုင်းတွေ၊ ဟိုတယ်တွေ အများစုကတော့ FEC ကို လုံးဝ လက်မခံဘူး။ အစိုးရက FEC ကိုလက်ခံဖို့ ညွှန်ကြားချက်ထုတ်ထားတာ ရှိတယ်။ တချို့ကတော့ FEC တဝက်၊ ဒေါ်လာတဝက် လက်ခံတာမျိုး ရှိတယ်။ ငွေလဲနှုန်း ပြဿနာက တော်တော်ကို တက်နေပြီ။ ဒေါ်လာရယ်၊ FEC ရယ် ဈေးကျ လွန်းတဲ့အတွက် ခရီးသွား လုပ်ငန်းတွေ အကုန်ထိတယ်" ဟု ရန်ကုန် အခြေစိုက် ခရီးသွား Eည့်လမ်းညွှန် တဦးက ပြောသည်။

ရန်ကုန်မြို့ရှိ P*rk Roy*l Hotelသည်လည်း ငွေလဲနှုန်း ကွာဟမှုကြောင့် FEC ကို လက်ခံမည် မဟုတ်ဘဲ အမေရိကန်ဒေါ်လာကိုသာ လက်ခံမည် ဖြစ်ကြောင်း ရှင်းပြသည်။

"FEC လက်မခံဘူး။ အစိမ်း (အမေရိကန်ဒေါ်လာ) ပဲ လက်ခံပါတယ်။ ငွေလဲနှုန်းကွာလို့ လက်မခံ တော့တာပါ" ဟု P*rk Roy*l Hotel Eည့်ကြိုဌာနမှ ဝန်ထမ်းတဦးက ပြောသည်။

ရန်ကုန်ရှိ ကုန်သည်ကြီးများ ဟိုတယ်ကလည်း FEC နှင့် ဒေါ်လာဈေးနှုန်း ကွာဟမှုကြောင့် မကြာမီ ရက်ပိုင်းအတွင်း FEC လက်ခံမှု ရပ်ဆိုင်းသွားရန် ရှိသည်ဟု အဆိုပါ ဟိုတယ်မှ ဝန်ထမ်းတဦးက ဆိုသည်။

"FEC ကို အခန်းခ ရှင်းဖို့ ဒီနေ့လက်ခံပေမယ့်၊ မနက်ဖြန် လက်ခံမှာလား ဆိုတာတော့ မသိသေးပါဘူး။ လက်မခံဖို့ကတော့ များတယ်လို့ပဲ ပြောရမှာပါ" ဟု ၎င်းက ပြောသည်။

အမေရိကန်ဒေါ်လာနှင့် FEC သည် ယခင်က တန်ဖိုးအနည်းငယ်သာ ကွာဟ သော်လည်း ယခုဖွန်လတွင် ရုတ်တရက်

တန်ဖိုးကွာဟမှု ကြီးမားလာကြောင်း၊ အမေရိကန်ဒေါ်လာ သည်ပင်လျှင် ဈေးကွက်တွင် ဝယ်သူနည်းပါး လွန်းသော အခြေအနေ ဖြစ်နေသောကြောင့် FEC ကို ဝယ်သူထက် ရောင်းသူ အလွန် ပေါ်များပြီး တန်ဖိုး ဆက်တိုက် ကျဆင်းနေကြောင်း ဈေးကွက်မှ သိရသည်။

မေလ ၃ ရက်နေ့က အမေရိကန်တဒေါ်လာ ၈၃၇ ကျပ်ရှိချိန်တွင် FEC သည် တယူနစ်လျှင် ၈၃၄ ကျပ်ဈေး ရှိခဲ့ပြီး ဈေးနှုန်း ကွာဟမှု ကျဉ်းမြောင်းခဲ့သော်လည်း ဖွန်လ ၁၁ ရက်နေ့က အမေရိကန် တဒေါ်လာ ၇၆၀ ကျပ်ရှိချိန်တွင် FEC သည် တယူနစ် ၆၅၈ ကျပ်အထိ ဈေးထိုးကျခဲ့ပြီး ဒေါ်လာနှင့် FEC ကြား ဈေးနှုန်းကွာဟမှု ၁၀၀ ကျပ်ကျော်အထိ ဖြစ်ပေါ်ခဲ့သည်။

FEC ကို အများဆုံး ထုတ်ရောင်းနေကြသော သူများတွင် ဦးတေဇ ပိုင်ဆိုင်သည့် ထူး ကုမ္ပဏီကဲ့သို့သော စီးပွားရေး လုပ်ငန်းကြီးများ ပါဝင်သည်ဟု ရန်ကုန်စီးပွားရေး သမားများက ဆိုသည်။

"ထူးကုမ္ပဏီမှာ FEC ကို နိုင်ငံခြားငွေကြေးအဖြစ် လက်ခံ လုပ်ပေးနေရတာတွေ အများကြီးရှိတယ်။ ဥပမာ ဆိုရင် FEC

ဖုန်းကတ်တွေ၊ ငွေဖြည့်ကတ်တွေ ရောင်းတာမျိုးရှိတယ်၊ အဲပုဂံ လေကြောင်းလိုင်းမှာ FEC နဲ့ လက်မှတ်ဝယ်ဖို့ လက်ခံရတာမျိုး ရှိသလို တချို့ လုပ်ငန်းတွေမှာလည်း FEC ကို အမေရိကန်ဒေါ်လာနဲ့ တန်ဖိုးညီမျှတဲ့ငွေကြေး အဖြစ် လက်ခံရတာ မျိုးတွေရှိတယ်။ ထူးကုမ္ပဏီလိုမျိုး FEC ဝင်ငွေများတဲ့ တခြား ကုမ္ပဏီတွေကလည်း FEC ထုတ်ရောင်းကြတယ်" ဟု FEC နှင့်အမေရိကန်ဒေါ်လာ နှစ်မျိုးကိုသာ သီးသန့် အရောင်းအဝယ် လုပ်နေသူ တဦးက ရှင်းပြသည်။

FEC တန်ဖိုးကျခြင်းကြောင့် ကုလသမဂ္ဂအပါအဝင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ စီမံကိန်းများ၊ FEC နှင့် လစာ ရရှိနေသော အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများမှ ဝန်ထမ်းများ၊ နိုင်ငံခြား ကုမ္ပဏီ များတွင် လုပ်ကိုင်လျက် ရှိသော ဝန်ထမ်းများ အဆင်မပြေဖြစ်နေသည်ဟု သိရှိရသည်။

"NGO၊ INGO တွေက ဝန်ထမ်းတွေ၊ ဟိုတယ်တွေ၊ နိုင်ငံခြား ကုမ္ပဏီတွေမှာ လုပ်တဲ့ ဝန်ထမ်းတွေက FEC နဲ့ လစာရတာလေ။ ငွေလဲနှုန်း ကျလွန်းတော့ ဝင်ငွေက အတော်ကို လျော့ကုန်ကြတယ်။ အရင် ငွေလဲနှုန်းက FECတယူနစ်ကို ကျပ် ၁၀၀၀ လောက် ရှိတော့ တလကို FEC ၂၅၀ လောက် ရတဲ့သူက ကျပ် ၂ သိန်းခွဲလောက် ရတယ်။ အခုဆို ၁ သိန်း ၆ သောင်း လောက်ပဲ ရတော့တယ်။ သူတို့ ဝင်ငွေက ၃၀ ရာခိုင်နှုန်းကျော် ကျသွားတယ်" ဟု ရန်ကုန် Ch*trium Hotel ဟိုတယ် ဝန်ထမ်းတဦးက ပြောသည်။

ပြည်တွင်း စီးပွားရေးပညာရှင်တဦးက ငွေလဲနှုန်း အလွန်ကျဆင်းမှုကြောင့် မြန်မာ့ပို့ကုန် စီးပွားရေးရပ်တန့် နေပြီဟု ဆိုသည်။

"အစိုးရက ဘာလုပ်ရမှန်း မသိတာလား၊ ကျပ်ငွေတန်ဖိုး တက်တယ်ဆိုပြီး ထိုင်ကြည့်နေတာလား မဝေခွဲတတ်ဘူး။ ဒီငွေ တန်ဖိုးတက်တာက နိုင်ငံကို ဆင်းရဲမှုတွေ ဖြစ်စေမယ်။ သွင်းကုန်တွေချည်းပဲ သွင်းကုန်တဲ့ စီးပွားရေးကို ဦးတည်နေတယ်။ ဒါကို အမြန် ထိန်းဖို့လိုနေပြီ။ ဒါကိုမထိန်းရင် အားလုံးထိခိုက်နေပြီ" ဟု အဆိုပါပညာရှင်က ပြောသည်။

ယခင် စစ်အစိုးရလက်ထက် ၁၉၉၃ ခုနစ်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က FEC များကို အမေရိကန်ဒေါ်လာ အစားထိုး နိုင်ငံခြားငွေအဖြစ် ထုတ်ဝေသုံးစွဲခဲ့သည်။

## အိန္ဒိယမှ လွတ်မြောက်ကရင်များ တတိယနိုင်ငံထွက်ရေး KNU တာဝန်ယူမည်

ဧရာဝတီ Mond*y, 13 June 2011 ဧရာဝတီ

အိန္ဒိယနိုင်ငံတွင် ၁၂ နှစ်ကျော် အကျဉ်းကျ ခံခဲ့ရသည့် KNU အဖွဲ့ဝင် ၁၀ ဦး တတိယနိုင်ငံသို့ အမြန်ဆုံး ထွက်ခွာနိုင်ရေး အတွက် စီစဉ် ဆောင်ရွက်နေသည်ဟု ကရင်အမျိုးသား အစည်းအရုံး (KNU) က ပြောသည်။

KNU အဆင့်မြင့်ခေါင်းဆောင် တဦးဖြစ်သည့် ပဒိုအားတိုးက"အိန္ဒိယထောင်ကနေပြန်လွတ်လာတဲ့ ကရင်နဲ့ရခိုင် တော်လှန်ရေး သမားတွေကို ကျနော်တို့သွားရောက်တွေ့ဆုံခဲ့တယ်၊ သူတို့အားလုံး အိန္ဒိယမှာ တနှစ်ပဲ နေထိုင်ခွင့်ရမှာဖြစ်တယ်၊ အဲဒါ ကြောင့် သူတို့အားလုံး တတိယနိုင်ငံ တခုခုကိုအမြန်ဆုံးထွက်ခွာနိုင်ဖို့အတွက် စီစဉ်နေပါတယ်"ဟု ဧရာဝတီသို့ ပြောသည်။

နိုင်ငံတကာရှိ ကရင်အဖွဲ့အစည်းများကလည်း ယခုလွတ်မြောက်လာသူများကို ခေါ်ယူနိုင်ရေးအတွက် KNU နှင့် ဆက်သွယ် စီစဉ်မှုများ ပြုလုပ်လျက်ရှိသည်ဟုလည်း ပဒိုအားတိုးက ဆက်ပြောသည်။

အိန္ဒိယအစိုးရက ၎င်းတို့အား ၁ နှစ်နေထိုင်ခွင့်ပေးထားပြီး သတ်မှတ်ရက်ပြည့်ပါက တိုင်းပြည်မှ ထွက်ခွာရမည်ဟု လွတ်မြောက်လာသူများကလည်း ပြောသည်။

လွတ်မြောက်လာသူတဦးက အိန္ဒိယတွင် နေထိုင်ရသည့်အခြေအနေမှာ လုံခြုံစိတ်ချရမှုမရှိသကဲ့သို့ ခံစားနေရသည့်အတွက် ၎င်းတို့ကို အမြန်ဆုံး အကူအညီများပေးရန် အိန္ဒိယသို့ ရောက်ရှိခဲ့သည့် KNဉ ခေါင်းဆောင်မှတဆင့် ပြောကြား လိုက်သည် ဟု ဆိုသည်။

ပြန်လည်လွတ်မြောက်လာသူများထဲမှ KNဉ တပ်ဖွဲ့ဝင် စောယွာဟောသား က"အခြေအနေအရ တတိယနိုင်ငံ တခုခုကို ထွက် ရတော့မယ့် အနေအထားဖြစ်နေပြီ၊ ယူအန်(ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး ဉNHCR)ကလည်း အားလုံး ကို အသိအမှတ်ပြုပြီးဖြစ်တယ်၊ ကျနော်တို့ ၁၀ ယောက်ရဲ့သဘောထားကတော့ ဖြစ်နိုင်ရင် ကိုယ့်ရဲ့ဒေသမှာပဲ ပြန်နေချင် တယ်"ဟု ပြောသည်။

ပြန်လည်လွတ်မြောက်လာသူများကို ဉNHCR က ဒုက္ခသည်အဖြစ် အသိအမှတ်ပြုပေးထားသော်လည်း တတိယနိုင်ငံထွက်ခွာရေးနှင့် ပတ်သက်ပြီး ယခု အချိန်အထိ တိကျသေချာသည့် အစီအစဉ်မရှိသေးကြောင်း သိရသည်။

၁၂ နှစ်ကျော်ကြာဖမ်းဆီးခံထားရသည့် ယင်းတော်လှန်ရေးသမား ၃၄ ဦးအနက် ၃၁ ဦးသည် ပြီးခဲ့သည့် မေလ ၁၉ ရက်နေ့က ကာလကတ္တား အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာခဲ့ပြီးနောက် နယူးဒေလီမြို့သို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

၎င်းတို့အနက် ၃ ဦးမှာ အခြားအမှုများ ဆက်လက်ရင်ဆိုင်ရန် အကျဉ်းထောင်အတွင်းကျန်ရှိနေပြီး အမှုပြီးပြတ်မှ ပြန်လည် လွတ်မြောက်မည်ဟု သိရသည်။

ပြန်လည်လွတ်မြောက်လာသူများမှာ ရခိုင်အမျိုးသားညီညွတ်ရေးပါတီ(NဉP*)နှင့် KNဉ အဖွဲ့တို့မှ တော်လှန်ရေးသမားများ ဖြစ်ပြီး ၎င်းတို့ကို အိန္ဒိယရေတပ်က ၁၉၉၈ ခုနှစ်အတွင်း၌ စတင်ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။

တော်လှန်ရေးသမားများသည် အိန္ဒိယရေပိုင်နက် လန်းဖောကျွန်းတွင် စစ်အခြေစိုက်စခန်းတည်ဆောက်ရန်အတွက် အိန္ဒိယ စစ်ထောက်လှန်းရေးမှ ဒု ဗိုလ်မှူးကြီး ဂရေးဝေါ၏ အစီအစဉ်ဖြင့် ရောက်ရှိလာကြပြီးနောက် ၁၂ နှစ်ကျော် ဖမ်းဆီးချုပ်နှောင် ခံခဲ့ကြရသည်။

အိန္ဒိယအစိုးရက ၁၉၉၈ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ၎င်းတို့ကို နိုင်ငံအတွင်း တရားမဝင်ခိုးဝင်မှု၊ လက်နက်နှင့် ပေါက်ကွဲစေတတ်သော ပစ္စည်းများ လက်ဝယ်ထားရှိမှုတို့ဖြင့် တရားစွဲဆိုခဲ့သည့်အပြင် အဆိုပါ လက်နက်ခဲယမ်းများကို အိန္ဒိယ အရှေ့မြောက်ဒေသရှိ သူပုန်များကိုပေးပို့ရန် ဖြစ်သည်ဟုလည်း စွပ်စွဲခဲ့ကြောင်း သိရသည်။

## ဒေါ်စုဂုဏ်ပြု ကဗျာစာအုပ် ထုတ်မည်

ကိုပေါက် | တနင်္လာနေ့၊ ဇွန်လ ၁၃

နယူးဒေလီ (မဇ္ဈိမ) ။ ။ ကဗျာဆရာ ၈၀ ကျော်က ဒေါ်အောင်ဆန်းစုကြည်၏ ၆၆ နှစ်မြောက် မွေးနေ့ အထိမ်းအမှတ် နွေဦးအိုးဝေ ကဗျာစာအုပ်အား မွေးနေ့ပွဲမတိုင်ခင် ထုတ်ဝေသွားမည် ဖြစ်သည်။

ကဗျာပုဒ်ရေ ၆၆ ပုဒ်ပါရှိကာ စာမျက်နှာ ၁၂၀ ကျော် ရှိပြီး၊ အုပ်ရေ ၁၀၀၀ ရိုက်နှိပ်၍ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် NLD ရုံးချုပ်၌ ဇွန်လ ၁၆-၁၇-၁၈ ရက်နေ့များတွင် ပြုလုပ်မည့် ဈေးရောင်းပွဲ၌ ရောင်းချရန် စီစဉ်ထားခြင်း ဖြစ်သည်။

စာအုပ်ထဲတွင် ကွယ်လွန်သူ ကဗျာဆရာကြီး 'ကြည်အောင်' ၏ 'ကဗျာ၏ အမတ တရား' ကဗျာပါ ပါဝင်ကာ၊ ပါတီဝင် ကဗျာဆရာများဖြစ်သည့် မုံရွာအောင်ရှင်၊ ဖျာပုံနီလုံဦးနှင့် ဦးဝင်းတင်တို့သာမက မဂ္ဂဇင်းများတွင် ကဗျာဝင်ရေးနေသူ အများစု ပါဝင်သည်။

suu"လက်ရှိ မဂ္ဂဇင်းစာမျက်နာတွေပေါ်မှာ ရေးနေကြတဲ့ အောင်မြင်တဲ့ ကဗျာဆရာတွေ အယောက် ၈၀ လောက် ပါပါတယ်" ဟု ကဗျာစာအုပ် ထုတ်ဝေရေး စီစဉ်သူတဦးဖြစ်သည့် ကဗျာဆရာငြိမ်းသစ်က မဇ္ဈိမကို ပြောသည်။

စီစဉ်သူ နောက်တဦးဖြစ်သူ ကဗျာဆရာကြီး ဖျာပုံနီလုံဦးကလည်း "မဂ္ဂဇင်းလောကမှာ ရေးနေတဲ့ ကဗျာဆရာတွေ ဆိုတော့ သိပ်စိစစ်နေစရာ မလိုပါဘူး။ သတ်ပုံသတ်ညွှန်း ပြင်ပေးတာလောက် ပါပဲ။ ကဗျာ ၆၆ ပုဒ် အမှတ်တရ ထုတ်ဖို့ပဲ" ဟု မဇ္ဈိမကို ပြောသည်။ သူ၏ ကဗျာမှာ ဒေါ်အောင်ဆန်းစုကြည် ၂၀၁၀ နိုဝင်ဘာလအတွင်း လွတ်မြောက်လာစဉ် တက္ကသိုလ်ရိပ်သာလမ်း မြင်ကွင်းလေးကို ပုံဖော်ထားသည်ဟု ဆိုသည်။

ပုံနှိပ် ထုတ်ဝေရန်အတွက် အနှောင့်အယှက် ဖြစ်မည်စိုး၍ ကဗျာဆရာ အမည်များနှင့် စာအုပ်အကြောင်း အသေးစိတ် မသိရှိရသေးသော်လည်း ကဗျာဆရာမ မရီဝေနှင့် အမျိုးသမီး ကလောင်ရှင်များပါ ပါဝင်ရေးသားထားသည်။

သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်ဦးက ဦးဝင်းတင် ထောင်တွင်းမှနေ၍ ဒေါ်အောင်ဆန်းစုကြည်အတွက် သီကုံးပို့လိုက်သည့် စာလုံးရေ ၁၇ လုံးပါ ဟိုက္ကူအမျိုးအစား 'မီးလျံထဲက ကြာ' ကဗျာတိုလေးပါ ထည့်သွင်းထားသည်။ ကဗျာစာစုမှာ "ရဲ ဖွဲ့ ဉာဏ် စည်း တာ၊ မကြောက်တရား တေးကဗျာ၊ မီးလျံထဲက ကြာ" ဖြစ်သည်။

ဤကဗျာနှင့် ပတ်သက်၍ ဦးဝင်းတင်က "ဒေါ်အောင်ဆန်းစုကြည်ရဲ့ အရေးကြီးတဲ့ Ch*r*cter တွေကို စာလုံး တလုံးစီနဲ့ ရေးထားတာ။ မောင်မိုးသူနဲ့အတူ ထောင်ကျနေတုန်း၊ သူ့ဇနီး ကွယ်လွန်လို့ သူ ထွက်တွေ့ခွင့်ရတုန်း ကျနော်က ဒီကဗျာလေးကို အလွတ်ကျက်ခိုင်းပြီး ဒေါ်အောင်ဆန်းစုကြည်ဆီ ပို့ခိုင်းလိုက်တာ" ဟု ရှင်းပြသည်။

 သူက ဆက်ပြီး "မီးလျံထဲကကိုက ကြာပွင့် ပွင့်နေတယ်ဆိုတဲ့ အနေအထား။ စစ်အစိုးရတို့ လက်ထက် နေနေရတဲ့ မီးလျံတွေ ကြားထဲကကို ဒေါ်အောင်ဆန်းစုကြည်ဟာ ကြာပွင့်တပွင့်လိုပဲ အမြဲတမ်း လန်းဆန်းပြီးတော့ တည်မယ်လို့ ဆိုလိုတာပါ" ဟု အဓိပ္ပာယ် ဖွင့်ဆိုပြသည်။

 ၂၀၁၁ မတ်လတွင် ဂျပန်နိုင်ငံ ငလျင်နှင့် ဆူနာမီ ရေလှိုင်းဒဏ် သင့်သူများအတွက် ရည်စူးထုတ်ဝေသည့် နွေဦးအိုးဝေ ကဗျာစာအုပ်ကို အဖွဲ့ဝင်များအတွက် ကန့်သတ် ရောင်းချခဲ့ရာ၊ ပြင်ပလူများပါ ဝယ်ယူအားပေးခဲ့ကာ အုပ်ရေ ၁၀၀၀ ရောင်းချနိုင်ခဲ့သည်။

 စာအုပ်အဖွင့်တွင် ဒေါ်အောင်ဆန်းစုကြည်၏ ကမ္ဘာသူကမ္ဘာသားများသို့ ဆုတောင်းဆန္ဒမွန်အား ထည့်သွင်း ဖော်ပြထားသည်။

 ဇွန်လ ၁၉ ရက်နေ့တွင် ကျရောက်မည့် ဒေါ်အောင်ဆန်းစုကြည်၏ ၆၆ နှစ်မြောက် မွေးနေ့၊ မြန်မာနိုင်ငံ အမျိုးသမီးများနေ့ အထိမ်းအမှတ် အဖြစ် NLD ရုံးချုပ်တွင် ဂီတပွဲတော်များ ကျင်းပနေပြီ ဖြစ်ကာ၊ အခြား မြို့နယ်များနှင့် နိုင်ငံတကာတွင်လည်း ကျင်းပကြမည် ဖြစ်သည်။

## စည်ပင်တဲ့ စည်ပင်

မဇ္ဈိမသတင်းဌာန | တနင်္လာနေ့၊ ဇွန်လ ၁၃

အယ်ဒီတာခင်ဗျား ...

ရန်ကုန် မြို့တော်စည်ပင် မြေ/ယာဌာနကို မြေဂရံ အမည်ပြောင်းဖို့ ဒီမနက် သွားခဲ့ပါရဲ့။ ရစ်လိုက်ပုံများ လွန်ပါရောလား။

လက်မှတ်နစ်ခု နည်းနည်းလွဲတာကို အချိန်ယူပြီးကို ရစ်တာပါ။ လက်မှတ်ဆိုတာ တခါနဲ့ တခါ တထေရာထဲ၊ တထပ်ထဲ ဘယ်တူနိုင်ပါ့မလဲဗျာ။ အနည်းနဲ့ အများ ကွဲလွဲတတ်ပါတယ်။ ကျနော်တို့မှာ တရားရုံးအမိန့်လည်း ပါပါတယ်။ အဲဒါ အမိန့်စာရွက်ကို ဖင်တပြန်၊ ခေါင်းတပြန် ကြည့်ပြီး ဟိုလိုဖြင့် ရေးမထားဘူး၊ ဒီလိုဖြင့် ရေးမထားဘူး၊ တရားရုံး စာနံပါတ်က ဒီစာရွက်မှာ ဘာလို့ မပါတာလဲ စသဖြင့် ရစ်လိုက်ပုံများ လွန်ပါရော။ တရားရုံးအမိန့်ပဲ၊ နိုင်ငံသားတိုင်း လိုက်နာရမှာပေါ့ဗျာ။

ကျနော်နဲ့ ကျနော့်ရှေ့နေဆို စည်ပင်အရာရှိ စားပွဲရှေ့မှာ တနာရီလောက်ကို မတ်တတ်ရပ်ခဲ့ရတယ်။ ကျနော့်

ရှေ့နေလည်း တော်တော်စိတ်ဆိုးတယ်။ နောက်ဆုံးမှာတော့ ရှေ့နေရဲ့ အသိတယောက် ဝင်ညှိပေးကာမှ အဆင်ပြေသွားတော့တယ် ကျပ်တသိန်းခွဲ ပေးရတာပေ့ါလေ။ သူတို့ချင်းကျတော့ ရယ်လို့မောလို့။ ခုနတုန်းက ဆူပုတ်နေတာ သူမဟုတ်တဲ့အတိုင်း။ စည်ပင်အရာရှိ ဆက်ဆံပုံများ ပြောပါတယ်။

ကျေးဇူးတင်စွာဖြင့်

ရန်ကုန်သားလေး

(၁၃ ဇွန်၊ ၂၀၁၁)

## မြန်မာစစ်တပ်နှင့် KI* နစ်ရက်ဆက်တိုက် စစ်ပွဲဖြစ်

Sund*y, 12 June 2011 20:40 KNG




ဇွန် ၁၂၊ ၂၀၁၁ ကချင်ပြည်နယ် မန်မော် (ဗန်းမော်)ခရိုင် အင်မောက် (မိုးမောက်) မြို့နယ် ဆန်ဂန်တွင် ကချင်လွတ်မြောက်ရေးတပ်ဖွဲ့ (KI*)နှင့် မြန်မာစစ်တပ်ကြား နစ်ရက် ဆက်တိုက်တိုက်ပွဲဖြစ်နေကြောင်း သိရသည်။

ယမန့်နေ့ ဇွန် ၁၁၊ ညနေ ၃ နာရီမှ ညသန်းခေါင်အထိ စစ်ပွဲဖြစ်ပွားသည်။ ယနေ့ ဇွန် ၁၂၊ တနင်္ဂနွေ နံနက် ၇ နာရီတွင် တိုက်ပွဲစတင်နေသည်ဟု KI* အရာရှိများပြောသည်။

နစ်ဖက်ထိခိုက်ဒဏ်ရာရမှုရှိသော်လည်း အရေအတွက် အတိအကျကို မသိရပါ။

## စင်ကာပူရှိ ရသအလင်းဖောင်ဒေးရှင်းမှ ကဗျာဆရာအောင်ဘညိုအား ဂုဏ်ပြုငွေပေးအပ်

မိုးမခ၊ ဇွန် ၁၃၊ ၂၀၁၁

၂၀၁၁ ခုနှစ်၊ ဇွန်လ (၆) ရက်နေ့က စင်ကာပူနိုင်ငံရှိ အနုပညာမြတ်နိုးသူများစုစည်းပြီး ဖွဲ့စည်းတည်ထောင် ထားတဲ့ ရသအလင်းဖောင်ဒေရှင်းမှ ကဗျာဆရာအောင်ဘညိုအား ဂုဏ်ပြုငွေ ကျပ် (၃) သိန်းတိတိအား ကဗျာ ဆရာ ဟိန်းမြတ်ဇော်၊ ကဗျာဆရာ ဇော်ထက်တို့မှတဆင့် ပေးအပ်ဂုဏ်ပြုခဲ့ကြောင်း သိရပါတယ်။

ကဗျာဆရာအောင်ဘညိုဟာ ဦးနောက်သွေးခဲပြီး ခန္ဓာအောက်ပိုင်းထိသိအာရုံများပျောက်ဆုံးကာ လမ်းမလျှောက်နိုင်တော့သည့်အခြေထိအောင် ရောဂါဝေဒနာခံစားနေရလျှက်ရှိပြီး၊ ယခုအခါ ဆေးရုံမှဆင်းကာ အိမ်တွင်ပင် ဆက်လက်ဆေးကုသမှုခံယူလျှက်ရှိကာ (၅) ရက်တကြိမ် ဆေးရုံကြီးသို့သွားရောက် ပြသ ကုသမှုခံယူနေရကြောင်းနှင့် အချိန်တလခန့်အထိ တဦးတည်းလမ်းလျှောက်နိုင် လိမ့်မည်မဟုတ်ကြောင်းလည်း သိရသည်။ ရသအလင်းဖောင်ဒေးရှင်းအနေဖြင့် ဆရာအောင်ဘညို၏ ကျန်းမာရေးအထောက် အပံ့ဖြစ်စေ စနိုင်ရေးအတွက် ယခုကဲ့သို့ ဂုဏ်ပြုငွေပေးအပ်ခဲ့ခြင်းဖြစ်သည်။

ဆရာအောင်ဘညိုကို ၁၉၆၀ ခုနှစ်မှာမွေးဖွားခဲ့ပြီး ၁၉၉၀ လွန်ကာလမှာ ကိုသန်းထွန်း၊ ကျော်အောင်သစ် (ကေအေတီ) နဲ့တွဲပြီး Eကစာရီမီးခိုးများ ကဗျာစာအုပ်ကို ထုတ်ဝေခဲ့ပါတယ်။ နောက်ပိုင်း တဦးတည်းအနေနဲ့ တံတာပေါ်က ညနေခင်းများ၊ အိုစမာ စတဲ့ကဗျာစာအုပ်တွေကို ထုတ်ဝေခဲ့သလို၊ လူစွမ်းကောင်း စာအုပ်တိုက်ကနေပြီးတော့လည်း ပန်းနရောင် ဆံနွယ်များ၏ချည်တိုင်၊ မောင်ချောနွယ်အတု စတဲ့ ကဗျာစာအုပ်တွေကို စီစဉ်ထုတ်ဝေခဲ့ပါတယ်။ ဒါ့အပြင် ကမ်းလွန်လေ ကဗျာမဂ္ဂဇင်းကိုလည်း ကိုလှသန်းနဲ့အတူ တွဲဘက်ထုတ်ဝေခဲ့ပြီး၊ ပိတောက်ပွင့်သစ်၊ ဟန်သစ်၊ လှိုင်းသစ် စတဲ့မဂ္ဂဇင်းတွေမှာ အယ်ဒီတာအဖြစ် လုပ်ကိုင်ခဲ့သူပါ။ နှစ်ပေါင်း ၂၀ ကျော်ကြာ မဂ္ဂဇင်းမျိုးစုံမှာ ကဗျာမြောက်များစွာရေးသားခဲ့ပြီး ပင်လယ်အော်သံ (အဆိုတော်လေးဖြူ အယ်လ်ဘမ်ခေါင်းစဉ်အဖြစ်အသုံးပြုခဲ့)၊ အိုစနေ၊ အိုစမာ တို့ဟာ ထင်ရှားတဲ့ ကဗျာများဖြစ်ခဲ့ပါတယ်။ ၂၀၀၈ ခုနစ်မှာ လူ့အသက်အိုးအိမ်းစည်းစိမ် ပေါင်းများစွာကို ခွေယူသွားတဲ့ နာဂစ်မုန်းတိုင်းအပြီး နာဂစ်ဒေသကူညီမှုမှာ ကဗျာ၊ ဂီတ၊ ပန်းချီ ကူညီသူများအဖွဲ့မှာ တက်တက်ကြွကြွနဲ့ ဦးဆောင်ပါဝင်ခဲ့သူလဲဖြစ်ပါတယ်။

ယခုဆရာအောင်ဘညိုအား ဂုဏ်ပြုငွေပေးအပ်ခြင်းသည် စတုတ္ထအကြိမ်မြောက်ဖြစ်ပြီး ယခင်က ကဗျာဆရာ လုံမငြိမ်းချမ်း၊ ကဗျာဆရာ လှသန်း၊ ကာတွန်းဆရာဗိုမောင်တို့အား ဂုဏ်ပြုပေးအပ်လှူဒါန်း ခဲ့ပြီးဖြစ်ကြောင်း လည်း သိရသည်။

ရသအလင်းဖောင်ဒေးရှင်းဟာ ကျန်းမာရေးဆိုင်ရာအကူအညီ အမှန်တကယ်လိုအပ်နေတဲ့ ကဗျာ၊ စာပေနဲ့ အနုပညာဖန်တီးသူတို့ရဲ့ ကျန်းမာရေးဆိုင်ရာတို့အား အကူအညီပေးနိုင်ရန်အတွက် ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး၊ ချမှတ်ထားသည့် မူဝါဒများအတိုင်း မြန်မာပြည်တွင်း ဆင်းရဲနွမ်းပါးပြီး ကျန်းမာရေးဆိုင်ရာအကူအညီများ အမှန်တကယ်လိုအပ်နေသည့် စာရေးဆရာ၊ ကဗျာဆရာများအား ဂုဏ်ပြုထောက်ပံ့ငွေများ ဆက်လက်ပေး အပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ရသအလင်းဖောင်ဒေးရှင်းနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက .. www.*estheticlightfound*tion.com သို့ ဝင်ရောက်ကြည့်ရှုနိုင်ပြီး၊ လှူဒါန်းလိုပါက *estheticlightfound*tion@gm*il.com တိုက်ရိုက်မေးပို့ လှူဒါန်းနိုင်ကြောင်းလည်း အသိပေးအပ်ပါသည်။

ခြံစည်းရိုးလေးကို ကျေးဇူးတင်ပါတယ်

သူရိန်ထက်

ဇွန် ၁၃၊ ၂၀၁၁မိုးမခ

ကြာတော့ ကြာခဲ့ပါပြီ။ ၁၉၉၃ ခုလောက်ကပေါ့။ ဂျပန်နိုင်ငံ၊ ကာဝါစကီဖက် က ထမင်းဗူးတွေ ထုတ်လုပ်တဲ့စက်ရုံတခုကို နင်းတွေဝေနေတဲ့ မနက်စောစောမှာ ရဲနဲ့ လဝကအရာရှိတွေ အများအပြားဟာ ဝိုင်းဝန်းဝိတ်ဆို့ ဖမ်းဆီးလိုက်တယ်။ ရက်ကျော်နေထိုင်တဲ့ တရားမဝင်နိုင်ငံခြားသားအလုပ် သမားတော်ေ တာ်များများကို ဖမ်းမိ လိုက်တယ်။ နိုင်ငံခြားသားအားလုံးဟာ မြန်မာနိုင်ငံသားတွေပေါ့။ အဲဒီခေတ်ကာလ အခြေ အခ နေအရ ဒီလို တရားမဝင်နိုင်ငံခြားသားတွေ အလုပ်လုပ်တဲ့ စက်ရုံတွေကိုဖမ်း ဆီးတာ အတော်လေး ရှားတ ယ်။ အထူးသဖြင့်တော့ မြန်မာနိုင်ငံသားတွေကြားထဲ အ တော်လေး ဂယက်ရိုက်သွားတယ်။

အားလုံးကို ဖမ်းဆီးစစ်ဆေးပြီး ရက်ကျော်နေထိုင်မှုနဲ့ အရေးယူပြီး မိခင် နိုင်ငံကို ပြန်ပို့လိုက်တယ်ပေါ့။ အားလုံးကို ပြန်ပို့လိုက်တယ်ဆိုပေမယ့် တယောက်ကို တော့ ပြန်မပို့ပဲ မကြာခင်မှာ ပြန်လွှတ်ပေးလိုက်တယ်။ သူ့ကို ဖမ်းဆီးစစ်ဆေးတဲ့အ ခါ သူ့ဆီမှာ ဓာတ်ပုံတပုံကို တွေ့လို့ပါ။ ဓါတ်ပုံထဲမှာ တခြားတော့မဟုတ်ပါ ဘူး။ ဒေါ် အောင်ဆန်းစုကြည်နဲ့အတူ နိုင်ငံရေးလှုပ်ရှားဆောင်ရွက်ခဲ့တဲ့ဓာတ်ပုံလေးပါ။ သူ့ကို ဖမ်းဆီးပြန်ပို့မယ် ဆိုရင်

မြန်မာနိုင်ငံပြန်တဲ့အခါ သက်ဆိုင်ရာအာဏာပိုင်တွေက ဖမ်း ဆီးနှိပ်စက် ထောင်ချအရေးယူမှာကို စိုးရိမ်တဲ့အတွက် လူသားချင်းစာနာထောက်ထား မှုအရ ပြန်လွှတ်ပေးလိုက်တယ်ဆိုပါစို့။ အားလုံးထဲမှာ သူတယောက်တည်း ပြန်လွှတ်လာတာမို့ ဒေါ်စုပုံလေးကယ်လိုက်တာဆိုပြီး ကာယကံရှင်က တဖွဖွပြော ဆို ကျေးဇူး တင်ခဲ့ပါသတဲ့။

ဒီတော့ အဲဒီခေတ်အခါက ဂျပန်က မြန်မာတွေကြားထဲမှာ ဒေါ်စုကြောင့် လူ တယောက် အဖမ်းခံဘဝက လွတ်မြောက်ခွင့်ရခဲ့တယ်။ ဒေါ်စုသာမက ဒေါ်စုရဲ့ဓာတ် ပုံလေးက အစွမ်းထက်တယ်လို့ တောင် ပြောစမှ တ်ပြုခဲ့ကြပါတယ်။

x x x x

နောက်တယောက်က ကိုအောင်တဲ့။ သူက ပထမ ကိုးရီးယားမှာနေတာ။ ကိုးရီးယားမှာနေခဲ့စဉ် ကတည်းက နိုင်ငံရေးလုပ်ခဲ့တဲ့သူပေ့ါ။ ကိုးရီးယားက တက်ကြွ လှုပ်ရှားသူတွေထဲကတဦးဆိုပါတော့။ နောက်တော့ သူက ဂျပန်ကိုရောက်လာတယ်။ ကိုးရီး ယားမှာ ရက်ကျော်နေထိုင်တဲ့သူတယောက်က ဂျပန်ကိုရောက်လာ တယ်ဆိုတာ အောက်လမ်းနည်းနဲ့ ရောက်လာတယ်ဆိုတာတော့ ဂျပန်က မြန်မာတွေသိကြ တယ်။ အောက် လမ်း ဆိုပေမယ့် တကယ်က ရေလမ်းပေ့ါလေ။ ကိုးရီးယားက သင်္ဘောထဲ သို သိုသိပ်သိပ်လိုက် ပါခဲ့ပြီး ဂျပန်ကမ်းရောက်တော့ ဆင်းနေခဲ့တယ်ဆိုပါတော့။ သိတဲ့အ တိုင်း ကိုးရီးယားနဲ့ဂျပန်က ပိဖိဖိတ်ရဲ့ ဟိုဖက်ကမ်း ဒီဖက်ကမ်းကိုး။

အဲဒီအချိန်က ၂၀၀၄-၂၀၀၅ ဝန်းကျင်ဖြစ်မယ်ထင်တယ်။ ကိုအောင်တို့ ဂျ ပန်ကို ဝင်လာတဲ့အချိန်ကာလဟာ သိပ်ခေတ်ကောင်းတဲ့အနေအထားတော့ မဟုတ် ပါဘူး။ ဒီလို တရားမဝင်ခိုးဝင်တာကို ဂျပန်ဖက်ကသိထားလို့ အရေးယူဖော်ထုတ်ဖမ်း ဆီး ပြန်ပို့တာတွေလုပ်နေတယ်။ ဂျပန်အနေနဲ့ ဒါဟာ ပြစ်မှုတခုလို သဘောထားကိုင်တွယ်နေတဲ့အချိန်ပေ့ါ။

ဂျပန်အာဏာပိုင်တွေက ဘယ်လိုသဘောထားထားပေ့ါလေ။ ဂျပန်ရောက် မြန်မာ့ဒီမိုကရေစီအသိုင်းအဝိုင်း ကတော့ အလွန်နွေးထွေးပါတယ်။ ကိုးရီးယားမှာမ ကလို့ ဘယ်နိုင်ငံမှာပဲဖြစ်ဖြစ် မြန်မာ့နိုင်ငံရေးကို ဆောင်ရွက်နေ တဲ့သူဆို နိုင်ငံရေး လုပ်ဖော်ကိုင်ဖက်ပဲ မဟုတ်လား။ ဆိုတော့ ဂျပန်က နိုင်ငံရေးအင်အား စုတွေက ကို အောင်ကြီးကို ကြိုဆိုကြ Eည့်ခံကြနဲ့ပေ့ါ။ ကိုးရီးယားရဲ့အအေးဒဏ်ကို ကိုးရီးယား ဆိုးဂျူးနဲ့ကာ ကွယ်ခဲ့ဖူးတဲ့ကိုအောင်တယောက် ဂျပန်ရောက်တော့ ဂျပန်ဆာကေးနဲ့ မိတ်ဆွေဖြစ်ရတယ်ပေ့ါ။ ဟိုလူက "ဝမ်းသာတယ်ဗျာ ... ရော့တခွက်" ဒီလူက "ကြိုဆို တယ်ဗျာ ... ရော့တခွက်." နောက်တယောက်က "ကွန်ကယက်ကျူးလေးရှင်းဗျာ.. ရော့တခွက်.." မူးလာရင် ဂျပန်လိုပြောလိုက်ရမှ အာတွေ့တဲ့ နောက်တ ယောက်က လည်း "အိုမဲ့တဲ့တိုး ... ကိုအောင်" ဆိုပြီး ရော့တခွက်နဲ့ပေ့ါ။

ပြောရရင် ကိုအောင်က အရက်သိပ်သောက်လေ့သောက်ထ ရှိတဲ့သူမဟုတ် ဘူး။ ဒါပေမယ့် ကျေးဇူးရှင် ဂျပန်ကကိုယ်တော်တွေကို အားနာတာ၊ ဝမ်းသာတာ၊ ဂုဏ်ယူတာတွေအပြင် ဂျပန်ဆာကေးလေးကလည်း

အဝင်ကောင်းလေတော့ အ တော်လေးမူးသွားတယ်။ ဒီတော့ ပြန်မယ်ပေါ့။ အဖော်တွေက လိုက်ပို့မယ် ဆိုပေမယ့် ကိုအောင်ခင် အိမ်နီးလေးပါ။ ရပါတယ်ဆိုပြီး အားနာတာနဲ့ လိုက်မပို့ခိုင်းဘူး။

အဲ ...တချို့အရက်ကောင်းတွေက ထိုင်သောက်တုန်းက အရသာလေးရှိ သလောက် ထသွားတော့ အစွမ်းပြတော့တာကိုး။ ဆိုင်ပြင်ခပ်လှမ်းလှမ်းရောက်တော့ မိုးကအတော်ချုပ်ပြီ။ ကိုအောင်လည်း အတော်လေးပေါက်မြောက်နေပြီ။ တွေ့တဲ့ တက္ကစီကို တားဆီးမယ်ဆိုပြီး ကားမိုးပေါ်မီးလင်းနေတဲ့ကား လာထားဆိုပြီး ဖမ်းတား လိုက်တာ တက္ကစီမဟုတ်ပဲ ရဲကားဖြစ်နေပါလေရော။ ဒယိမ်းဒယိုင်နဲ့ ကိုအောင့်ကို ရဲ က ဘာကူညီရမလဲခင်ဗျ .. ကူညီပါရစေလုပ်မယ်ကြည့်တော့ အမူးလွန်နေတဲ့ ကို အောင်၊ ဂျပန်လိုလည်း "ဟိုက်" ဆိုတဲ့တလုံးလောက် တတ်တဲ့ကိုအောင်။ တွေ့ပါလေ ရော။ ဒါနဲ့ ဂျပန်စေတနာရှင် ရဲတွေက ကိုအောင်နေတဲ့အိမ်ပြန်ပို့ပေးဖို့ ကိုအောင့်လိပ် စာပါမယ့် နိုင်ငံခြားသားကဒ်တောင်းပါလေရော။ ခိုးဝင်လာပါ တယ်ဆိုမှ ဘယ့်နယ့် အိုင်ဒီကဒ်ရှိမလဲ။ ဘယ်ပို့ပေးလို့ ဘယ်လိုကူညီရမှန်းမသိလေတော့ မထူးဘူး။ ရဲကင်း စခန်း ခေါ်သွားပါလေရော။ သာမန်ဆို အမူးလွန်နေရင် အမူးသမားတွေထားတဲ့ ဆေး ရုံ ပို့ပေး။ မနက်အမူးပြေရင် ကိုယ့်ဘာသာပြန်ရတာမျိုးဖြစ်ပေမယ့် အခု ကိုအောင်က ဘာစာရွက်စာတမ်း ဘာကဒ်မှမရှိ။ ဘယ်နိုင်ငံကမှန်းလည်းမသိ။ ဆိုတော့ ရဲကင်းက တာဝန်ခံကတဆင့် မြို့နယ်ရဲစခန်းပေါ့။

မူးနေတဲ့ ကိုအောင် သူစီးလာတာ တက္ကစီမဟုတ်ပဲ ရဲကားဖြစ်ပြီး ပြဿ နာတော့တက်နေပြီဆိုေ တာ့ ဖြေရှင်းဖို့နည်းလမ်းလည်းမသိ။ ဖမ်းခံရရင် နိုင်ငံပြန်ပို့ တော့မှာပဲဆိုပြီး စိုးရိမ်ချက်ကလေးက လည်းရှိနေ တော့ တတ်သမျှအင်္ဂလိပ်စကား တွေနဲ့ စခန်းတာဝန်ခံကိုရှင်းပြပါလေရော။ ဂျပန်နိုင်ငံကလည်း အင်္ဂလိပ်စကား ကို တ ကယ်တတ်တဲ့သူတွေက မှတ်နေအောင်တတ်ပေမယ့် မတတ်တဲ့သူကလည်း အလွန် ညံ့တာကလား။ ဆိုတော့ ကိုအောင်ပြောတဲ့အင်္ဂလိပ်စကားကို ရဲအရာရှိကလည်း နား မလည်ဘူး။ ပြီးတော့ မူးနေတဲ့ အာရှသံပီသတဲ့အင်္ဂလိပ်စကားဆိုတော့ စဉ်းစားသာ ကြည့်ပေတော့။

အဲ ဒါပေမယ့် ကိုအောင်ပြောတဲ့ထဲမှာ သူတို့နားလည်တဲ့စကားတခွန်းတော့ ပါတယ်။ အဲဒါက "အောင်ဆန်းစုကြည်" ဆိုတဲ့နာမည်ပဲ။ သတင်းတွေမှာ အထပ်ထပ် အခါခါ ကြားနေရတဲ့နာမည်။ သတင်းစာမှာ မကြာခဏတွေ့နေရတဲ့ နာမည်။ ဆိုတော့ "အောင်ဆန်းစုကြည်တို့ တိုင်းပြည်ကဖြစ်မယ်ကွ" "ဒီလူ ဒီနာမည်ပဲ အထပ် ထပ်ရွတ်နေ ပုံထောက်တော့ အောင်ဆန်းစုကြည်တို့အဖွဲ့ကလူဖြစ်မယ်ကွ" ဆိုပြီး နောက်ဆုံး ဝိုင်း ဝန်းစဉ်းစားတိုင်ပင်ပြီး "သနားပါတယ်ကွာ ... သူတို့တိုင်းပြည်ပြန်ပို့ရင် ဒုက္ခရောက် မယ့်သူဖြစ်မယ်။ တည သိပ်ပြီး မနက်ပြန်ပို့ပေးလိုက်ပါကွာ" တဲ့။

ဒါလိုနဲ့ ကိုအောင်တယောက် အခုထိ ဂျပန်မှာသောင်တင်တုန်း။ ဘာပဲဖြစ် ဖြစ် ပြောစမှတ်လည်းကျန်ခဲ့တယ်။ "ဒေါ်အောင်ဆန်းစုကြည်ကကွာ... အတော်အစွမ်း အစရှိတဲ့ခေါင်းဆောင်ဆိုတာ ငြင်းစရာမရှိဘူး။ ကြည့်လေ ...

လူသာမက ဓာတ်ပုံ တောင်မဟုတ်ဘူး။ ဒေါ်အောင်ဆန်းစုကြည် ... ဒေါ်အောင်ဆန်းစုကြည် နဲ့ နှုတ်ငုံ ဆောင်တာနဲ့တောင် အဖမ်းအဆီးကလွတ်တယ်" တဲ့။

x x x

ပြောရရင် ဂျပန်က သတင်းမီဒီယာ အလွန်အားကောင်းတဲ့နိုင်ငံပါ။ သတင်း စာတွေ ပလူပျံနေသလို တီဗွီတွေမှာလည်း အပ်ကျတာကအစ ကြေညာပေးနေတဲ့ နိုင်ငံလို့တောင် ဆိုနိုင်တယ်။ ဒီတော့ သာမန်လူ တွေတောင် အနည်းဆုံး သတင်းမီဒီ ယာတွေကျေးဇူးကြောင့် ဗဟုသုတတော့ အတော်လေးရှိ တယ်ပြောရမယ်။

ဒါပေမယ့် "ဘယ်နိုင်ငံကလဲ၊ မျက်နှာက ဂျပန်လူမျိုးနဲ့ အတော်တူတယ် နော်" ဆိုပြီးမေးလာခဲ့ရင် "ကျမက မြန် မာပြည် ကပါ" ဆိုရင် သူတို့အတော်လေး အူ ကြောင်ကြောင်ဖြစ်ကြ တယ်။ မြန်မာဆိုတာ ကို နောက်ပိုင်းမှပြောင်းလိုက်တာကြောင့် လည်းဖြစ်မှာပေါ့လေ။ မြန်မာဆိုရင် ဟိုး ဥရောပဖက်ကလား၊ အာရပ်ဖက်ကလား၊ တောင်အမေရိကားဖက်ကလားနဲ့ သိတဲ့လူက အလွန်ရှားပါတယ်။ မေးတဲ့သူက လူ ကြီးပိုင်းဆိုရင်တော့ ... "ဩော် ... ကျမ ဘိရုမာကပါ" ဆိုရင်တော့ မရောက်ဖူးတဲ့သူ တောင် "ဩော် ... သိပြီ ... အလွန်ကြင်နာတဲ့လူမျိုး .. ဘိရုမနော့ တာတဲဂိုတို (ဗမာ့ စောင်း) ရုပ်ရှင်ထဲကြည့်ဖူးတယ်။ သိပ်ချစ်စရာ ကောင်းတာ။ သိပ်ကြင်နာတာ ..." ဆို တာနဲ့ ချက်ခြင်းရင်နီးသွားနိုင်ပါတယ်။ ဘိရုမာကို ရောက်ဖူးတဲ့ စစ်ပြန်ကြီးတွေဆိုရင် တော့ ဘိရုမာလူမျိုးဆိုတာနဲ့ "ဟာ ဘာကူညီရမလဲ၊ အသက်သခင် ကျေးဇူးရှင်တွေ။ဝမ်းသာလိုက်တာ" ဆိုတာမျိုးဖြစ်ကြတာပါ။ စကားအလွန်ပြောချင်တဲ့ စစ်ပြန်တချို့ ဆို ... "မြန်မာ့တပ်မတော်က တို့ နိပ္ပွန်းဘုရင်တပ်မတော်ရဲ့မျိုးဆက်သစ်ကွ။ တို့ ဘုရင့်တပ်မတော် က မွေးထုတ်ပေးခဲ့ကြတာမို့ ငါတို့တပ်မတော်ပါပဲ။ ဂျပန်တပ်မတော် ကဖျက်သိမ်းခံရပြီး မရှိတော့ပေမ ယ့် မြန်မာတပ်မတော်ရှိသေးလို့ ဒါတို့ မျိုးဆက် သွေးသားတပ်မတော်ကွ။ သိပ်ဂုဏ်ယူဖို့ကောင်းတာ။ အဲ ဒါပေမယ့် အခုတပ်မတော် က ... " ဆိုတာမျိုးလည်း ကြားရမှာဖြစ်ပါတယ်။

လူငယ်ပိုင်းတွေကတော့ မြန်မာဆိုလည်းမသိ ဘိရုမာဆိုလည်း ကြားဖူးသ လိုလို ဖြစ်နေတယ်ဆိုရင် "ဒေါ်အောင်ဆန်းစုကြည်တို့ တိုင်းပြည်ကလေ" ဆိုတာနဲ့ တန်းသိပါတယ်။ သိတာမှ ဆွေးမျိုးရင်း ချာတ ေယာက်လို လေးစားစရာကောင်းတဲ့သူ တယောက်အဖြစ်နဲ့ကို သိကြတာပါ။ "ဟာ ... သတင်းမှာကြည့်ရတယ်။ သိပ်သတ္တိရှိ တယ်နော်။ သိပ်တော်တယ်။ သိပ်ပြီးတော့" ဆိုတာတွေနဲ့ ကိုယ့်ခေါင်းဆောင်ကို ကိုယ့်ထက်တောင် သူတို့က လေးစားနေကြတာကလား။

ဒါကြောင့်လည်း ကျိုတိုဖက်က ဟာမမတ်ဆုဆိုတဲ့မြို့က တက္ကသိုလ်မှာ ဒေါ်အောင်ဆန်းစုကြည် လေ့လာသ င်ယူခဲ့တဲ့အခန်းလေးမှာ ဒေါ်စုပုံတွေချိတ်ဆွဲပြီး ပြတိုက်လုပ်ထားပါတယ်။ Eည့်သည်တော်တွေ၊ လေ့လာ သူတွေလာ

ရင်တော့ အခန်း ဖွင့်ပေးပြီး ပြသဂုဏ်ယူသလို ကျန်အချိန်တွေမှာ သီးသန့်ပြတိုက်အဖြစ်ထားပြီး ဂုဏ် ယူ ထိန်းသိမ်းထားပါတယ်။

ဂျပန်က မြန်မာတွေထဲမှာ ခိုးမှု၊ ခါးပိုက်နှိုက်၊ လုယက်၊ အကြမ်းဖက်ဆိုတာ မျိုးလည်း သတင်းမှာ မကြားဖူးသလို ယုတ်စွအဆုံး နိုင်ငံတကာက ပြည့်တန်ဆာအစုံ ရှာလို့ ရကောင်းရမယ်။ မြန်မာထဲမှာ ဒါမျိုးလုပ်စားတယ်ဆိုတာ မရှိပါဘူး။ ဒါကြောင့် သတင်းတွေမှာ မြန်မာလို့ မထင်ရှားတာလည်းဖြစ်နိုင်ပါတယ်။ မြန်မာနဲ့ပတ်သက်တဲ့ သတင်းဆိုရင် တနစ်မှာ ၃၆၅ ရက်လောက် ဆန္ဒပြခံနေရတဲ့ တိုကျိုက မြန်မာသံရုံး အ ကြောင်း၊ မြန်မာ့ဒီမိုကေ ရစီရေး လှုပ်ရှားမှုအကြောင်းတွေလောက်ပဲ တွေ့မြင်ရတတ်ပါ တယ်။ (အခုဆို ဆူနာမီဖြစ်တော့ မြန်မာေ တွသွားရောက်ကူညီကြ၊ ရိုင်းပင်းကြနဲ့ ပို လို့တောင် ဂုဏ်ယူစရာဖြစ်ကြရပါတယ်။ တချို့မြန်မာဆို ဝိုတောင်ဝိုပြ လိုက်ေ သး)

x x x x x

ဘာပဲဖြစ်ဖြစ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ကျေးဇူးကြောင့် ဂျပန်ရောက် မြန် မာတွေထဲမှာ အတော်လေးမျက်နှာ ပွင့်ရတာ အမှန်ပါပဲ။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကျေးဇူးအကြောင်းပြောရင် ချန်ထားလို့မ ရတဲ့ သူတယောက် အကြောင်းလည်း ရှိသေး တယ်။ သူက ဂျပန်ကို ဟိုးအတော်စောစောပိုင်းလောက်ထဲက ရောက်ခဲ့တဲ့သူပေါ့။ ဒါ ပေမယ့် ဂျပန်ကိုရောက်ပြီး နှစ်အတန်ကြာတော့ အကြောင်းကြောင်းေ ကြောင့် မြန်မာ ပြည်ကို ပြန်ပို့ခံထား တဲ့အထဲ ပါသွားပါတယ်။

မြန်မာပြည်ပြန်သွားပေမယ့် ဂျပန်ပြန်တို့ထုံးစံအတိုင်း ဘာလုပ်လို့ ဘာကိုင် ရမှန်းမသိ၊ ယောင်ချာချာဖြစ်နေတာ ကြာတော့မထူးဘူးဆိုပြီး ဂျပန်ကိုပဲ နောက်တ ခေါက်ပြန်ဝင်ဖို့ကြိုးစားပါတယ်။ ဂျပန်ကိုရောက်ဖူးပြီးသားသူ တယောက်အနေနဲ့ အ ဆက်အသွယ်က မရှားဘူးကိုး။ အဲ ... တခုရှိတာက သူ ဂျပန်ကို ပြန်ရောက်တယ်ပဲ ထား..။ ဂျပန်မှာ ဗီဇာနဲ့နေရဖို့က မလွယ်ဘူးဖြစ်နေတယ်။ အလည်အပတ်နဲ့ ရောက် လို့ အဆင်ပြေတ ယ်ဆိုရင်တောင် အလွန်ဆုံး သုံးလပဲကိုး။ သုံးလ အလည်အပတ် ဗီဇာနဲ့ အလုပ်ရဖို့ကလည်း မလွယ်ဘူးလေ။

ဆိုတော့ သူက စဉ်းစားတယ်။ ဂျပန်ကိုပြန်ဝင်မယ်။ ဟိုရောက်ရင် ခိုလှုံခွင့် လျှောက်မယ်ပေါ့။ ခရုမှာလည်းအဆံ နဲ့ လူမှာလည်းအကြံနဲ့ဆိုတဲ့စကားအတိုင်းပေါ့ လေ။ အဲ ... တခုခက်တာက ခိုလှုံခွင့်ဆို တာကလည်း နိုင်ငံေ ရးခိုလှုံခွင့်ပဲရှိတော့ နိုင် ငံရေးနဲ့ပတ်သက်ပြီး မြန်မာပြည်မှာ ဘာတွေလုပ်ခဲ့တာေ ကြောင့် ပြန်ရင်အဆင်မပြေလို့ ကူညီဖို့တင်ပြရမှာကိုး။ သူ့မှာက နိုင်ငံရေးနဲ့ပတ်သက်ပြီး သွားလုပ်ဖို့ဆိုတာက မ လွယ်ဘူး။

တော်ကြာ … ဂျပန်မသွားရပဲ အင်းစိန်တောရရောက်နေရင် အခက်ကိုး။ နောက် နိုင်ငံရေးအသိုင်းအဝိုင်းထဲက လူကြီးတွေနဲ့ ဓာတ်ပုံလေး ဘာလေး တွဲရိုက်ပြဖို့ လည်း စိတ်ကူးတယ်။ ဒါကလည်း ထင်သလောက် မလွယ်ဘူး။ နိုင်ငံရေးသမားကြီးတွေ နားမှာ ထောက်လှမ်းရေးတွေက ဝိုင်းကြီးပတ်ပတ်ဒူဝေဝေ ကစားနေကြတာကိုး။

နောက်ဆုံး အကြံတခုရတာနဲ့ တက္ကစီသမားကို ဒေါ်စုခြံဖက်ကို လိုက်ပို့ခိုင်း တယ်။ ကင်မရာလေးလည်း ယူသွား တယ်။ ဒေါ်စုနဲ့သွားတွေ့ပြီး ဓာတ်ပုံရိုက်ဖို့ မ ဟုတ်ပါဘူး။ အဲဒီအချိန်မှာ ဒေါ်စုက အကျယ်ချုပ်ခံနေရတဲ့ကာလ။ သွားတွေ့ဖို့နေ နေသာသာ အနားတောင် ကပ်ဖို့လွယ်တာမှ မဟုတ်တာကိုး။ ဒါနဲ့ တက္ကစီသမားကို အကူအညီတောင်းပြီး ဒေါ်စုခြံနဲ့ နီးနိုင်သမျှနီးအောင် မောင်းခိုင်းတယ်။

"ဟေ့လူ … ဒီထက်ဆက်သွားဖို့ မလွယ်တော့ဘူး။ တင်းကြပ်လာနိုင်တယ် ဗျ။ သွားချင်ရင် ခင်ဗျားပဲဆက်သွား" လို့ ကားဆရာက ပြောတော့ ဆက်သွားဖို့ကလည်း အတော်စွန့်စားရမှာမို့ …

"ဒေါ်စုခြံက ဘယ်ဟာလဲဗျ"

"ဟောဟိုခပ်လှမ်းလှမ်းက လှမ်းမြင်နေရတဲ့ခြံပဲ"

"ဟား အတော်ဝေးတာပဲ။ အေးဗျာ မထူးဘူး" ဆိုပြီး ကားဆရာကို ကားခ ပိုပေးပါ့မယ်လို့ ညှိပြီး ခပ်သေးသေး ခပ်ဝါးဝါးမြင်နေရတဲ့ ဒေါ်စုခြံစည်းရိုးလေးကို နောက်ခံထားပြီး ဓာတ်ပုံအရိုက်ခံလိုက်တယ်။

ဒီလိုနဲ့ ဂျပန်ရောက်တဲ့အခါ သူ့မှာ မဟာစွန့်စားခန်းလုပ်ပြီး ရိုက်ခဲ့ရတဲ့ ဒေါ်စုခြံစည်းရိုးပုံ ခပ်ဝါးဝါးပါ ဓါတ်ပုံ လေးကိုတင်ပြပြီး.. ဘယ်လို ဘယ်သို့ အကြောင်း ပြပြီး ခိုလှုံခွင့်လျှောက်လိုက်ပါလေရော။ ဒီလိုနဲ့ခေါ် ယူ တွေ့ဆုံ စစ်ဆေးသမှုတွေပြု ပြီး၊ နောက်ဆုံး အဲဒီခြံစည်းရိုးကိုယ်တော်လည်း ခိုလှုံခွင့်ရပြီး ယခုတိုင် အဆ င်ပြေနေ ပါရောခင်ဗျား။

ဒီတော့ ဂျပန်မှာ ပြောစမှတ် နောက်တခုတိုးပြန်ရော..။ ဒေါ်စုပါဝါကြီးပုံ များကွာ၊ ဓာတ်ပုံလည်း အိုင ကာ၊ နှုတ်ငုံလည်း အိုကေ၊ ဟော ခြံစည်းရိုးလေးတောင် အိုကေပါသတဲ့ဗျား။

• • •

မြဝတီကားလမ်း လုံခြုံရေး နေရာ (၄) ခု တိုက်ခိုက်ခံရ

နေ့သစ်

မြဝတီမြို့ကိုလာမယ့် တိုင်းမှူးခရီးစဉ်အတွက် မြဝတီ အဝေးပြေးကားလမ်းပေါ်က ကားလမ်းလုံခြုံရေးယူထားတဲ့ ကြံ့ဖွံ့ အစိုးရ စစ်တပ်တွေကို တနင်ငူး၊ တံတားကြီးရှေ့၊ တံတားညီနောင်၊ သစ်ချောက်ပင် စတဲ့ နေရာလေးနေရာမှာ ဒီကေဘီအေ နဲ့ ကေအန်ယူ ပူးပေါင်းတပ်ဖွဲ့တွေက ယမန်နေ့ည ၉ နာရီ မိနစ် ၃၀ လောက်မှာ တပြိုင်တည်း ဝင်ရောက်တိုက်ခိုက်ခဲ့တယ်လို့ သိရှိရပါတယ်။

တိုက်ပွဲဖြစ်ခဲ့တဲ့ ယမန်နေ့ညက အခြေအနေကို ဆက်သွယ်မေးမြန်းခဲ့ရာ ဒီကေဘီအေ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ကော်ဒို စိုး က ယခုလို ပြောကြားလာပါတယ်။

“ကျနော်တို့ဘက်က ညတုန်းက လမ်းလုံခြုံရေးတွေကို နေရာ လေးခုမှာ တပြိုင်တည်းဝင်တိုက်တယ်။ ဒီကေဘီအေက ဗိုလ်မှူးကြီး ကျော်သက် ဦးစီးတဲ့ တပ်ဖွဲ့တွေနဲ့ ကေအန်ယူ တပ်မဟာ (၇) တပ်ရင်း ၁၀၁ တပ်ဖွဲ့တွေ ပူးပေါင်းပီး စစ်ဆင်ခဲ့တာဖြစ်တယ်။ ည ၉ နာရီခွဲလောက်က စတိုက်တာ ည ၁၂ လောက်မှ ပြီးတယ်။ ကျနော်တို့ ဘက်က ထိခိုက်မရှိ ဘူး။ သူတို့ ဘက်က ထိလား မထိလား မသိရသေးဘူး။ အရှေ့တောင်တိုင်း တိုင်းမှူး မြဝတီလာဖို့ရှိတော့ မြဝတီကုန် သည် ကားလမ်းမှာ ကြံ့ဖွံ့အစိုးရ စစ်တပ်တွေ လုံခြုံရေး အပြည့်ချထားတယ်လေ။”

အရှေ့တောင်တိုင်း တိုင်းမှူး မြဝတီမြို့ကိုလာမယ့် ခရီးစဉ်ရှိနေတဲ့အတွက် ကြံ့ဖွံ့အစိုးရ စစ်တပ် တပ်ရင်း ၁၀ ရင်းနဲ့ လမ်းလုံခြုံရေးယူထားတယ်လို့ မြဝတီဒေသခံ ကုန်သည်တွေ ပြောပြချက်အရ သိရှိရပါတယ်။

မြဝတီမြို့ကိုလာမယ့် တိုင်းမှူးခရီးစဉ်အတွက် မြဝတီ အဝေးပြေးကားလမ်းပေါ်က ကားလမ်းလုံခြုံရေးယူထားတဲ့ ကြံ့ဖွံ့ အစိုးရ စစ်တပ်တွေကို တနင်ငူး၊ တံတားကြီးရှေ့၊ တံတားညီနောင်၊ သစ်ချောက်ပင် စတဲ့ နေရာလေးနေရာမှာ ဒီကေဘီအေ နဲ့ ကေအန်ယူ ပူးပေါင်းတပ်ဖွဲ့တွေက ယမန်နေ့ည ၉ နာရီ မိနစ် ၃၀ လောက်မှာ တပြိုင်တည်း ဝင်ရောက်တိုက်ခိုက်ခဲ့တယ်လို့ သိရှိရပါတယ်။

တိုက်ပွဲဖြစ်ခဲ့တဲ့ ယမန်နေ့ညက အခြေအနေကို ဆက်သွယ်မေးမြန်းခဲ့ရာ ဒီကေဘီအေ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ကော်ဒို စိုး က ယခုလို ပြောကြားလာပါတယ်။

“ကျနော်တို့ဘက်က ညတုန်းက လမ်းလုံခြုံရေးတွေကို နေရာ လေးခုမှာ တပြိုင်တည်းဝင်တိုက်တယ်။ ဒီကေဘီအေက ဗိုလ်မှူးကြီး ကျော်သက် ဦးစီးတဲ့ တပ်ဖွဲ့တွေနဲ့ ကေအန်ယူ တပ်မဟာ (၇) တပ်ရင်း ၁၀၁ တပ်ဖွဲ့တွေ ပူးပေါင်းပီး စစ်ဆင်ခဲ့တာဖြစ်တယ်။ ည ၉ နာရီခွဲလောက်က စတိုက်တာ ည ၁၂ လောက်မှ ပြီးတယ်။ ကျနော်တို့ ဘက်က ထိခိုက်မရှိ ဘူး။ သူတို့ ဘက်က ထိလား မထိလား မသိရသေးဘူး။ အရှေ့တောင်တိုင်း တိုင်းမှူး မြဝတီလာဖို့ရှိတော့ မြဝတီကုန် သည် ကားလမ်းမှာ ကြံ့ဖွံ့အစိုးရ စစ်တပ်တွေ လုံခြုံရေး အပြည့်ချထားတယ်လေ။”

အရှေတောင်တိုင်း တိုင်းမှူး မြဝတီမြို့ကိုလာမယ့် ခရီးစဉ်ရှိနေတဲ့အတွက် ကြံ့ဖွံ့အစိုးရ စစ်တပ် တပ်ရင်း ၁၀ ရင်းနဲ့ လမ်းလုံခြုံရေးယူထားတယ်လို့ မြဝတီဒေသခံ ကုန်သည်တွေ ပြောပြချက်အရ သိရှိရပါတယ်။

ဘဝထဲက ရတနာ၊ ရင်ထဲက ကဗျာ (၂၁)

တင်မိုး

ဇွန် ၁၃၊ ၂၀၁၁မိုးမခ

၁။

သက္ကရာဇ် ၂၀၀၂ ခုနှစ် Eပြီလ (၁၀) ရက် မြန်မာသင်္ကြန်အကြိုရက်များက ကျွန်တော်ဟာ သမီးမိုးမိုးနှင်း တို့ မိသားစုနဲ့အတူ စပိန်နိုင်ငံ ဘင်နီဒွမ်း (Benidorm) ကမ်းခြေကို ရောက်နေခဲ့ပါတယ်။ ဘင်နီဒွမ်း ကမ်းခြေဟာ ကမ္ဘာလှည့်ခရီးသည်များ အာရုံဝင်စားရာ မြေထဲပင်လယ်က နာမည်ကျော်ကမ်းခြေတခုပါ။

ကျွန်တော်တို့လဲ ဉရောပဆောင်းနှောင်းရဲ့ မှိုင်းပြာမှုန်ဝေ နှင်းပွင့်ကြွေတဲ့ရာသီကြီးကို ငြီးငွေ့လို့ နေသာသာ ရေပြာပြာကမ်းခြေရှိရာ စပိန်ကို လာခဲ့ကြပါတယ်။ ဗင်နီကက်ကတပ်စ်ဟိုတယ် လို့ ခေါ်တဲ့ အညာက တန်ဆောင်းပြာသာဒ်ပင်ကို သင်္ကေတပြုထားတဲ့ ဟိုတယ်မှာ တည်းခိုပါတယ်။ ကျွန်တော်တို့ တောင်သာနယ်မှာတော့ ဆိတ်တွေ အလွန်ကြိုက်တဲ့အပင်၊ ဆူးရှည်တွေ ခက်ဖြာပြီး စောင်းလျားသီးလို ဖောင်းထနေတဲ့ အပင်ကို "ပဒုမ္မာ" ပင်လို့ ခေါ်တာပဲ။ အပွင့်ကျတော့ အဖူးငုံ ဖြေချထားတာ အလွန် လှတဲ့ အပင်ပါ။ အပွင့်ကြီးတွေ တဝေဝေနဲ့ အညာနွေမှာ ရဲရဲပွင့်နေတဲ့ ပဒုမ္မာတွေပါ။

စပိန်ရဲ့ပန်းချီကျော် ဒါလီ၊ ပီကာဆိုတို့ကိုလည်း သတိရရဲ့၊ အညာက မန်ကျည်း၊ တမာတို့ကိုလဲ လွမ်းရဲ့။ ဆီးပင်ငုတ်တိုအနား ဆီးသီးကောက်လို့စားရင်း ဆိတ်ကျောင်းသားကလေးတွေရဲ့ ရုပ်ပုံလဲ အာရုံထဲမှာ ပေါ်လာရဲ့။ မြန်မာသင်္ကြန်အခါမို့ ပိတောက်ပန်း တဝါဝါကို လွမ်းစရာအဖြစ် မြင်ယောင်မိရဲ့။ အဲဒီလို အာရုံထဲမှာ ပေါ်လာသမျှကို အက္ခရာစာလုံးတွေ နေရာချပြီး ကဗျာစီကုံးမိသမျှ ရောမွှေ တင်ပြရရင် ...။

၂။

၁၅၊ ၄၊ ၂၀၀၂ တနင်္လာနေ့ နံနက်ခင်း မြန်မာ့သင်္ကြန်တွင်းကာလမှာ မနက်စောစော ထပြီး ဒီလို ကဗျာဖွဲ့မိပါတယ်။

ပိတောက်လက်ဆောင်

ဒါလီရဲ့ နာရီတွေ

အရည်ပျော်ကျကုန်သလို

ဘဝနာရီတွေလဲ

ရာသီရဲ့ ဒဏ် ခံနိုင်ပါ့မလား

နေ့များလဲ တွန့်လိမ်ကုန်ရော့ထင့်။

မန်ကျည်းခုတ်တော့ အို

ဆီးခုတ်တော့ ပျိုသတဲ့

ဆီးငုတ်တို တို့ဘဝ

တနေ့နေ့တော့ လှမှာပ။

တမာကိုင်းကလေးကလဲ

ခါတိုင်းလို ခါးမှာပဲ

ဝါးပြီးရင်တော့ ချိုတတ်ကဲ့။

ပီကာဆိုရဲ့ ချိုးငှက်

ကမ္ဘာမြေပေါ် ဝဲလျက်နဲ့

သံလွင်ခက်စိမ်းစိမ်းမှာ

သွေးစက်တွေ

ဘာကြောင့်လိမ်းနေရပါလိမ့်။

လူ့ကမ္ဘာမှာ

အမှုရှာနေတာက

အာဏာတော်သူက တော်

လွတ်လပ်ချင်သူကလဲ

နောင်ကြိုးဖြတ်

မနားမရပ်နိုင်တဲ့

တိုက်ပွဲကလဲ တရစပ်။

ကမ္ဘာတလျောက်

မသာယာတာတွေ ပျောက်စေဖို့

ပိတောက်လက်ဆောင်ပေးချင်ငဲ့။

ပိတောက်မင်းမှာလဲ

သံခြေချင်းလွတ်ကောင်းရဲ့။

ငြိမ်းချမ်းရေးကို ရည်မှန်းပြီး မြန်မာ့ပိတောက်ပန်းကို ကမ်းလှမ်း ဝေငှချင်စိတ် ပေါက်မိပါတယ်။ ဒါပေမယ့် သံခြေချင်း တန်းလန်းနဲ့ ပိတောက်ပန်းကလေးဖို့ လွတ်လမ်း ရောက်ကောင်းပါရဲ့လို့ ရေးလိုက်တဲ့ ကဗျာပါ။

(၃)

မြန်မာနိုင်ငံမှာနေစဉ်က သူငယ်ချင်း အပေါင်းအသင်းတွေ စုပြီး တနှစ်တကြိမ်ခန့် ခရီး ထွက်လေ့ရှိပါတယ်။ ဥပမာ-ကျိုက်ထီးရိုး၊ ပုဂံ၊ ပုပ္ပါး စသဖြင့်ပေါ့။ အဲဒီခရီးမျိုး ဆိုရင် ကျွန်တော်တို့ ရဲဘော်ထဲက အင်္ဂလိပ်စာဆရာ ဦးသာနီးက ခေါင်းဆောင်ပြီး စီစဉ်လေ့ရှိတယ်။ ကျွန်တော်တို့ကို အလောင်းတော် ကဿပ စခန်းသွားဖို့ စီစဉ်ပေးပါသေးရဲ့။ အထမမြောက်ခဲ့ဘူး။

ခုလို စပိန်ကမ်းခြေ ရောက်တော့ ကိုယ့်ရဲဘော်တွေကို သတိရမိတယ်။ လွမ်းဆွတ်မိတယ်။ ဒါနဲ့ ... ဒီကဗျာ ရေးဖြစ်တာပေါ့။

သူငယ်ချင်းကောင်းတို့လေ

ဘင်နီဒွမ်းကမ်းခြေက

ထန်းဝေဝေနဲ့ ဆိုင်ကလေး

Mundi*l တဲ့

သေးငယ်တဲ့ ဆိုင်ကလေး။

ဝိုက်ကော်ဖီ ဘရန်ဒီ ရောစွက်

အမာရက်တို (*m*retto)

ချိုသက်သက်

လျှာရင်းမြက်တဲ့ ဆိုင်ကလေး။

ဘရန်ဒီ ရှုရှု၊ ကော်ဖီမြမြ

တသသ စည်းစိမ်ခံပြီး

ကိုယ့်နိုင်ငံက သူငယ်ချင်းတွေကို

လွမ်းတင်းဖွဲ့မိတယ်။

အချိုယမကာတကျိုက်နဲ့

ဗိုလ်စာကြိုက်တတ်တဲ့

ဆရာဦးသာနိုး ဆိုရင်

သကာအိုးတွေ့တဲ့ ကရင်လို

ခုံမီးခုံမင် ပျော်ရွှင်ပြီး

ဥရောပဘဝနဲ့

အံဝင်ခွင်ကျလိုက်ဖက်မယ်။

ရွှေမန်း၊ ကျော်ကျော်၊ ဟန်တင်နဲ့

သိန်းထိုက်တို့တတွေလဲ

ယိမ်းတိုက်သလို ကခုန်

သောင်ခုံမှာ မြို့မသီချင်းတွေနဲ့

အလင်းပေါက် ပျော်ကြမယ်။

ဗိသုကာဆရာရွှေကတော့

ဆာကေးမရလို့

တဖျစ်တောက်တောက်နဲ့

ဖြစ်ပဲသောက်ရမယ်။

ပန်းချီယဉ်မင်းပိုက်ကတော့

နတ်ချင်းတပိုဒ်နဲ့ ကနေမှာ

သေချာတယ်။

ဝတ္ထုဆရာ ကိုတင်ဆင့်နဲ့

ကိုကြည်နိုင်တို့ကတော့

ဟိုဒီယိုင်လို့ ယိမ်းတော့မယ်။

ဆရာစိုင်းအောင်ဝင်းကတော့

ရှမ်းသီချင်းနဲ့ ပွဲထိန်း

မိုးဟိန်းက တယောတညံ့ညံ့

ဆရာဆောင်က ဗုံခေါက်သံနဲ့

အိမ်မပြန်နိုင်အောင် ပျော်ကြမယ်။

စပိန်ကမ်းခြေမှာ

သူငယ်ချင်းတွေနဲ့ ပျော်မြူး

သောင်ပြင်မှာ လူးချင်တဲ့လူက လူး

မူးချင်တဲ့လူလဲ မူးပေရော့။

တို့နိုင်ငံ

ဒီမိုကရေစီ အောင်ပွဲခံမှ

တေးသံတွေ ရင့်ကျူးဖို့

စပိန်မှာ ရေကူးဖို့

နိုင်ငံကူးပြီး လာကြမယ်

သဟာယမိတ်အပေါင်း

သူငယ်ချင်းကောင်းတို့လေ ...။

ကျွန်တော်တို့နိုင်ငံ အောင်ပန်း ပန်ဆင်နိုင်တဲ့ အချိန်ကျရင်တော့ စပိန် မကလို့ ဘယ်နေရာ သွားသွား၊ ရွှေတံခါးကြီးပွင့်တော့မှာ အသေအချာပေါ့။

အဲဒီလို ခေတ်ကောင်း အခါကောင်းကို မျှော်မှန်းပြီး ကဗျာပန်းကလေးတွေ တပွင့်ပြီး တပွင့် သီကုံးနေမိပါတော့တယ်။ ။

ခေတ်ပြိုင်ဂျာနယ် အတွဲ (၁၀၉)၊ ဇွန် ၂၀၀၂